# လူမှုရေး သုတေသန နည်းလမ်းများနှင့် ပတ်သက်၍ သင်တန်းအစီအစဉ်


၁။ အလုပ်သဘောဆောင် လူမှုရေး သုထေသန
၂။ သုတေသနနှင့်ဆန်းစစ်တွေးခေါ်မှု
၃။ Quanti-quali သုတေသန မိက်ဆက်
၄။ သုတေသနပြုလုပ်ပုံဒီဇိုင်း
၅။ လူမှုဗေဒ တိုင်းတာချက်
၆။ နမူနာကောက်ယူခြင်း
၇။ ဆာဗေးသုတေသန အပိုင်း (၁)
၈။ ဆာဗေးသုတေသန အပိုင်း (၂)
၉။ Quali တွေ့ဆုံမေးမြန်းမှု
၁၀။ ဦးတည်အုပ်စုဆွေးနွေးပွဲ
၁၁။ ဖြစ်ရပ်လေ့လာခြင်းနည်း
၁၂။ ကွင်းဆင်းသုတေသနနှင့်စောင့်ကြည့်လေ့လာခြင်း
၁၃။ အကဲဖြတ် သုတေသန
၁၄။ အလုပ်ဖြင့် ပူးပေါင်းလုပ်ဆောင်သုတေသန
၁၅။ Quali အချက်အလက်ကိုခွဲခြမ်း ဆန်းစစ်ခြင်း
၁၆။ Quanti အချက်အလက်သုံးသပ်ခြင်း - အပိုင်း (၁)
၁၇။ Quanti အချက်အလက်သုံးသပ်ခြင်း - အပိုင်း (၂)
၁၈။ SPSS မိတ်ဆတ်အပိုင်း(၁)
၁၉။ SPSS မိတ်ဆတ်အပိုင်း(၂)
၂၀။ စာရင်းအင်းဆိုင်ရာများကို အသုံးချခြင်း
၂၀။ ကျမ်းအကိုးအကားများကို ဖတ်ရှုခြင်း
၂၂။ ထူမှုရေးသုကေသန၏ ကျင့်ဝတ်နှင့် မူ
၂၃။ ထိမိကျစ်လစ်ခြင်းနှင့် ရှေ့နောက်ညီညွတ်မှုရှိခြင်း
၂၄။ စာပိုဒ်တည်ဆောက်ခြင်း
၂၅။ Sentence structure (in English only)
၂၆။ အသေးစိက်အထောက်အထားများ
၂၇။ အစီရင်ခံစာရေးသားခြင်း
၂၈။ မူဝါဒနှင့် ထောက်ခံပြောဆိုခြင်း အနှစ်ချုပ်
၂၉။ English syntax-Part 1 (in English only)
၃၀။ English syntax-Part 2 (in English only)

# <u>အသုံးပြုသူများ သတိပြုရန်</u>

အခြားသော ဘာသာပြန်သင်ရိုးများကဲ့သို့ပင် လူမှုရေးသုတေသနနည်းလမ်းများနှင့်ပတ်သက်သော ယခုသင်ရိုး သည်လည်း စနစ်တကျရှိသော စည်းမျဉ်းဥပဒေသများကိုလိုက်နာနိုင်ခြင်းမရှိပါ။ သို့သော် သင်ရိုးပါ အကြောင်းအရာများသည် လက်တွေ့ကျသည်အကြောင်းအရာများကို အခြေပြု၍ ရေးဆွဲထားခြင်း ဖြစ်ပြီး အထူးသဖြင့်လူမှုရေးသုတေသန နည်းလမ်းများနှင့်ရင်းနှီးကျွမ်းဝင်ခြင်းမရှိသော ပရိသတ်အား သင်ကြားပေးရန်ရည်ရွယ်၍ ရေးဆွဲထားခြင်း ဖြစ်ပါသည်။

လူမှုရေးသုတေသနနည်းလမ်းများအား လက်ရှိအချိန်ထိမြန်မာနိုင်ငံအတွင်းတွင်နေရာအနည်းငယ်၌ သာသင်ကြားပေးလျက်ရှိပြီး မြန်မာဘာသာအသုံးအနှုန်းများအား တပြေးညီနားလည်လက်ခံသုံးစွဲနိုင်ရေးနှင့်ပတ်သက်၍ တရားဝင်အဆင့်သော်လည်းကောင်း၊ အခြားအဆင့်များ၌သော်လည်းကောင်း ကြိုးပမ်းအားထုတ်မှုမျိုး မတွေ့ရှိရသေးပါ။ သို့အတွက်လူမှုရေးသုတေသနနည်းလမ်းများအား အင်္ဂလိပ်ဘာသာဖြင့်သာအဓိကအားပြုသင်ကြားရလျက်ရှိပါသည်။

သင်ရိုးတွင် ပါဝင်သည် မြန်မာဘာသာအသုံးအနှုန်းများသည် အင်္ဂလိပ်ဘာသာအသုံးအနှုန်းများအား တတ်နိုင်သမျှ ဆီလျော်မှုရှိစေရန် ကြိုးပမ်းပြန်ဆိုထားခြင်း ဖြစ်ပါသည်။ အချို့ကိစ္စများတွင် တိုက်ရိုက်ဘာသာပြန် ဆိုခြင်းကိုအသုံးပြု၍ အချို့ကိစ္စရပ်များတွင်မူရင်းအင်္ဂလိပ်စာလုံးနှင့်ဆက်စပ်မှုမရှိသော်ငြားလည်း မူရင်းစကားလုံး သည် အနောက်နိုင်ငံ လူမှုအသိုင်းအဝန်းတွင် အဓိပ္ပါယ်ပေါက်သည့်နည်းတူဘာသာပြန်အသုံးအနှုန်းသည်လည်း မြန်မာလူမှု အသိုင်းအဝန်းတွင် အလားသဏ္ဍာန်တူအဓိပ္ပါယ်သက်ရောက်စေသည်အသုံးအနှုန်းမျိုး ရွေးချယ်အသုံးပြုထားပါသည်။ နောက်ဆုံးအနေဖြင့်မူ အချို့အသုံးအနှုန်းများအား အင်္ဂလိပ်ဘာသာအတိုင်းပင်အသံဖလှယ်ထားသုံးစွဲပြီး အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုမြန်မာ ဘာသာဖြင့် ရှင်းပြထားပါသည်။ ဤသို့အသုံးအနှုန်းများအား အမျိုးမျိုး အလှယ်လှယ် သုံးစွဲထားရှိခြင်းနှင့်ပတ်သက်၍ လက်ရှိသုတေသနနယ်ပယ်ရှိ ဝါရင့်ကျွမ်းကျင်သူများအပါအဝင်ကျွမ်းကျင်သူအသီးသီး အနေဖြင့်လက်ခံနိုင်ကောင်းမှလက်ခံနိုင်မည်ဖြစ်ပါသည်။ လူမှုရေး သုတေသနပိုမိုတွင်ကျယ်လာခြင်းနှင့် အချိန်ကာလကသာအသင့်လျော်ဆုံးသောအသုံးအနှုန်းများကိုစိစစ်ဆုံးဖြတ်သွားမည်ဖြစ်ပါသည်။

ဤသို့ဘာသာပြန်ဆိုနည်းအမျိုးမျိုးကိုအသုံးပြု၍လူမှုရေးသုတေသနနယ်ပယ်တွင်အသုံးပြုသောဘာသာရပ်ဆိုင်ရာအသုံးအနှုန်းများကိုအဆီလျော်ဆုံးသောမြန်မာပြန်ဆိုမှုဖြစ်ရန်အတွက်ကျွနုပ်တို့အနေဖြင့်တတ်နိုင်သမျှအကောင်းဆုံး ကြိုးပမ်းထားပါသည်။

သို့ဖြစ်၍လူမှုရေးသုတေသနနည်းလမ်းများနှင့်ပတ်သက်သော သင်ရိုးအနေဖြင့် လူမှုရေးသုတေသန နယ်ပယ်တွင်အသုံးပြုလျက်ရှိသော လက်တွေ့ကျသည်စိစစ်လေ့လာရေးနည်းလမ်းများအား မြန်မာနိုင်ငံအတွင်း ပြန့်ပွားနိုင်ရေး အတွက်အထောက်အကူဖြစ်မည်ဟု မျှော်လင့်မိပါသည်။

ဤ Powerpoint ပရယ်ဇင်တေးရှင် (slides)များကို “win researcher” မြန်မာ ဖေါင့် (font) လိုအပ်ပါသည်။

ဤ သင်တန်း အစီအစဉ်တွင် ပါဝင်သော ပရယ်ဇင်တေးရှင် (slides)များသည် လိုအပ်လျှင်လိုအပ်သလို ပြုပြင်ပြောင်းလဲ အသုံးပြုနိုင်ပြီး ပြောင်းလွယ်ပြင်လွယ် ရှိသည်။ သင်တန်းဆရာများသည် ၎င်းတို့၏ ကိုယ်ပိုင် အတွေးအခေါ်များ နှင့် ကိုယ်ပိုင် အတွေ့အကြုံများကို ဤသင်ခန်းစာများကို သင်ကြားရာတွင် အသုံးပြုရန် အကြံပေးလိုသည်။

Inya Institute ၊ ရန်ကုန် ၊ ဇူလိုင်၊ ၂၀၁၃

# ၁။ အလုပ်သဘောဆောင် လူမှုရေး သုတေသန မိတ်ဆက်

*တင်ပြရခြင်း၏ ဦးတည်ချက်များ*

- *သင်တန်းသူများ/သင်တန်းသားများ၏ အလုပ်သဘောဆောင် လူမှုရေးသုတေသနဆိုင်ရာ အသိပညာနှင့် လူထုအကျိုးအဆိုပြုထောက်ခံ ပြောဆိုမှု (Advocacy) တို့၏ သဘောတရားများနှင့် ဆိုင်သော အသိဉာဏ် ဗဟုသုတအား မြှင့်တင်ရန်။*
- *လူထုအကျိုး အဆိုပြုထောက်ခံ ပြောဆိုမှုဆိုင်ရာ (Advocacy) အခြေခံနည်းနာများကို ကျောင်းသားများ/သင်တန်းသားများအား မိတ်ဆက်ရန်။*
- *အဆိုပြုထောက်ခံ ပြောဆိုရာတွင် (Advocacy) သုတေသန၏ အခန်းတကဏ္ဍကို သင်တန်းသူ/ သင်တန်းသားများ၏ သိနားလည်စွမ်းကို မြှင့်တင်ရန်။*

# အလုပ်သဘောဆောင် လူမှုရေးသုတေသန
## “Social action research”

(အခြားမြန်မာစကားလုံးမှာ ‘လူမှုအကျိုးပြု သုတေသန’ ဟူ၍လည်း အသုံးပြုနိုင်သည်။

အလုပ်သဘောဆောင် လူမှုရေးသုတေသန (Social Action Research) လုပ်ဆောင်ရာတွင် အောက်ပါ ရည်ရွယ်ချက်များရှိပါသည်။

- မိမိသိရှိပြီးသားဟု ယူဆသော အဓိက ပြဿနာ (သို့) ကိစ္စရပ်နှင့် ပတ်သက်၍ မေးခွန်းထုတ်ခြင်း။
- အဆိုပါ အဓိက ပုစ္ဆာပြဿနာအား ပွင့်လင်းသော စိတ်အမြင်ဖြင့် ချဉ်းကပ်စုံစမ်းခြင်း။
- အဆိုပါ အဓိက ပြဿနာ/ကိစ္စ နှင့် ၎င်းဖြစ်ပွားရသည် အကြောင်းရင်းများအား ဖော်ထုတ်တင်ပြ၍ လူထုအတွင်း အပြောင်းအလဲ ဆောင်ကျဉ်းနိုင်ရန် ကြိုးစားခြင်း။

# အလုပ်သဘောဆောင် လူမှုရေး သုတေသန -

## လေ့လာခံသုတေသနဝန်းကျင်၏ အနေအထား

လူထု အဖွဲ့အစည်းများ ၊ ၎င်းတို့၏ဘဝများ ၊ ၎င်းတို့၏ရပိုင်ခွင့်များ အပေါ် သက်ရောက်မှု ရှိသော ကိစ္စရပ်များအား ဖော်ထုတ်ခြင်း။

↓

အလုပ်သဘောဆိုင်ရာ လူမှုရေးသုတေသန။

↓

ပြဿနာဖြေရှင်းခြင်းနှင့် အကြံပေးတင်ပြမှုများ။

↓

ပိုမို ထိရောက်သော အစီအစဉ်များနှင့် အဆိုပြုထောက်ခံမှုပြုခြင်း။

↓

လူထုအဖွဲ့အစည်းများ၏ အသက်မွေးဝမ်းကျောင်းဘဝ ကို ပိုမိုတိုးတက်စေခြင်း။

# အလုပ်သဘောဆောင် လူမှုရေး သုတေသန

သုတေသနပြုလုပ်မည့် ကိစ္စရပ်အား ရွေးချယ်ခြင်း

↓

လေ့လာလျက်ရှိသော လူထုအဖွဲ့အစည်းများအပေါ်
သက်ရောက်သည့်ကိစ္စရပ်၏ ဖြစ်မြစ်များ နှင့်
အကျိုးသက်ရောက်မှုများအား ပိုမိုနားလည်သဘောပေါက်ခြင်း။

↓

သက်သေ အခြေပြုသတင်းအချက်အလက်များ ထုတ်နုတ်ခြင်း။

↙ ↘

သတင်းအချက်အလက်နှင့် ပတ်သက်၍
အစီအစဉ်ရေးဆွဲခြင်း။

NGO/CBO အဖွဲ့အစည်းများမှ တိုက်ရိုက်
အကောင်အထည် ဖော်နိုင်မည့်
(ဝရော့ဂျက်) များသတ်မှတ်ပေးခြင်း

လူထုအကျိုး အဆိုပြုထောက်ခံ
ပြောဆိုခြင်း။

မူဝါဒချမှတ်ရေး
တာဝန်ရှိသူများအပေါ်
သြဇာလွှမ်းသိမ်းသွင်းနိုင်ရေး။



## လေ့လာလျှက်ရှိသော လူထုအဖွဲ့အစည်းများအပေါ် သက်ရောက်သည့်ကိစ္စရပ်၏ ဖစ်မြစ်များ နှင့် အကျိုးသက်ရောက်မှုများအား ပိုမိုနားလည်သဘောပေါက်ခြင်း။

အဆိုပါ အကြောင်းတရားများနှင့် အကျိုးသက်ရောက်မှုများအား နားလည်အောင် ကြိုးစားရာ၌ လုပ်လေ့လုပ်ထ ရှိသည့်အချက်များမှာ

- ပြည်သူများအား ၎င်းတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာများနှင့် ပတ်သက်၍ မေးမြန်းမှု (Interview) ပြုလုပ်ခြင်း။
- အဆိုပါ ပြဿနာများအား တင်ပြအစီရင်ခံခြင်း။

### သို့သော် လုပ်ဆောင်သင့်သည်မှာ

- ပါ၀င်ဆက်နွယ်သူများအား စိစစ်လေ့လာခြင်းနှင့် ပြဿနာအခြေအမြစ် ခြုံငုံယူဆမှုပုံစံ (Problem Tree) အား ရှေ့ပြေး ဖော်ဆောင်ခြင်း
- ပြည်သူများအား ၎င်းတို့ရင်ဆိုင်နေရသည့် ပြဿနာများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခြင်း
- ဖြေဆိုသူအားလုံး၏ ဖြေဆိုချက်များအား နှိုင်းယှဉ်သုံးသပ်ခြင်း ၊ တူညီသည့်အချက်များနှင့် ကွဲပြားချက်များအား ဖော်ထုတ်ခြင်း
- ပြဿနာများအား ပမာဏပြုခြင်း (Quantify Problems) ပြဿနာများနှင့် လိုအပ်ချက် များ ကို ကိန်းဂဏန်းများ /ရာခိုင်နှုန်းများအဖြစ် အသွင်ပြောင်းခြင်း
- ရှာဖွေတွေ့ရှိချက်များကို စိစစ်လေ့လာခြင်း
- ပြဿနာ၏အတိမ်အနက်အနေအထားကို ဖော်ပြနိုင်သည့် ပြဿနာအခြေအမြစ် ခြုံငုံယူဆ မှုပုံစံ (Problem tree) ထပ်မံဖြည့်စွက်ရေးဆွဲခြင်း
- အဆိုပြုပြဿနာများအား တင်ပြအစီရင်ခံခြင်းနှင့် အကြံပေးတင်ပြမှုများခြင်း



## သက်သေ အခြေပြုသတင်းအချက်အလက်များ ထုတ်နုတ်ခြင်း။

လက်ရှိလေ့လာလျက်ရှိသော လူထုအဖွဲ့အစည်းများအပေါ်သက်ရောက်သည့် ကိစ္စရပ်များနှင့် ပတ်သက်သော ဇစ်မြစ်များနှင့် အကျိုးသက်ရောက်မှုများက ပိုမိုနားလည်သဘောပေါက်ခြင်းအပေါ် အခြေပြု၍

- သင့်လျော်မှန်ကန်သော ချဉ်းကပ်စုံစမ်းမှုကြောင့် ရရှိလာသော သတင်းအချက်အလက်များ သည် ပို၍ယုံကြည်စိတ်ချရပြီး၊ ပို၍ကျိုးကြောင်းဆီလျော်မှုရှိလာမည်။
- အစီရင်ခံမှုအပါအဝင်ပတ်သက်သူ အသီးသီးမှပိုမို၍ အလွယ်တကူထုတ်ခံထားမည်။
- ယုံကြည်စိတ်ချရသော သတင်းအချက်အလတ်များအပေါ်အခြေခံသဖြင့် အစီရင်ခံစာအနေ ဖြင့် ပိုမိုထိရောက်သော အကြံပေးတင်ပြမှုများပါဝင်သည်။
- အနာဂတ်အစီအစဉ်များအတွက် သထင်းအချက်အလက်ထုတ်ယူနိုင်မှု စွမ်းအားပိုမိုတိုးတက် လာမည်။




## သတင်းအချက်အလက်နှင့် ပတ်သက်၍ အစီအစဉ်ရေးဆွဲခြင်း။

- ပေါ်ထွက်လာသော ပြဿနာများနှင့်လိုအပ်ချက်များကို ပိုမိုတိကျစွာဖော်ထုတ်သတ်မှတ် နိုင်ရန် သုတေသနအခြေပြုသက်သေအထောက်အထားသည် အထောက်အပံ့ပြုပေးသည်။

- လူထုအဖွဲ့အစည်းတစ်ရပ်ရပ်အား ဦးတည်၍ အစီအစဉ်သစ်များ ဖော်ဆောင်ရာတွင် သုတေသနအခြေပြုသက်သေအထောက်အကားကို အထောက်အကူတစ်ရပ်အနေဖြင့်လည်းသုံးနိုင် သည်။

- ကိစ္စတစ်ရပ်ရပ်နှင့် ပတ်သက်၍ လူထုသဘောထားအမြင်ဖွင့်မြင့်တင်ပေးနိုင်ရန်အတွက် ရေး သားသော အစီရင်ခံစာများ၊ အက်ဆေးများနှင့်ဆောင်းပါးများတွင်လည်း သုတေသနအခြေ ပြုသက်သေအထောက်အထားကိုလည်း သုံးနိုင်သည်။





# လူထုအကျိုး အဆိုပြုထောက်ခံ ပြောဆိုခြင်း (Advocacy)

- လူထုအကျိုးတိုက်တွန်းပြောဆိုမှုအကောင်အထည်ဖော်စီမံကိန်းတစ်ခုအား ဖော်ထုတ်သတ်မှတ် ရာတွင် သုတေသနအခြေပြုသက်သေအထောက်အထားအား အသုံးပြုနိုင်သည်။
- ဤနည်းအားဖြင့် - တိုက်တွန်းပြောဆိုမှုအကောင်အထည်ဖော်စီမံကိန်းသည် ပိုမိုအခြေအမြစ် ရှိပြီး၊ တိုက်ရိုက်အကျိုးရှိနိုင်သည်။
- ပေါ်ထွက်လာသော အထောက်အထားများအပေါ် အခြေခံပြုလုပ်သော အကြံပေးတင်ပြမှုများ အား တိုက်တွန်းပြောဆိုမှုအကောင်အထည်ဖော်စီမံကိန်း၏ ပန်းတိုင်အဖြစ်လည်း သတ်မှတ် နိုင်သည်။

# လူထုအကျိုးအဆိုပြုထောက်ခံပြောဆိုခြင်း

“လူထုအကျိုးအဆိုပြုထောက်ခံခြင်း ” နှင့်ပတ်သက်၍ အားလုံးသဘောတူလက်ခံထားသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်မရှိပါ။ သို့သော် အများစုလက်ခံထားချက်အနေဖြင့် -

- လူထုအကျိုးအဆိုပြုထောက်ခံပြောဆိုခြင်းသည် ရည်ရွယ်ချက်ရှိရှိနှင့်ကြိုတင်စီမံထားသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။
- မူဝါဒများ ချမှတ်ဖော်ဆောင်ရေးတာဝန်ရှိသူများအား သိမ်းသွင်းနိုင်ရေးအတွက် ကြိုးပမ်းသည့် မဟာဗျူဟာတစ်ရပ်ဖြစ်သည်။
- အဖွဲ့အစည်းတစ်ရပ်ရပ်မှ ဆွဲကိုင်ထားသည့် မူဝါဒအနေအထားနှင့် ပတ်သက်သည်။
- ထို့အပြင် ယနေ့ခေတ်အနေအထား၌ အဆိုပြုပြောဆိုမှုသည့် အလုပ်သဘောဆောင် လူမှုရေးသုတေသနအပေါ်တွင် အခြေပြုသည်။ တနည်းအားဖြင့် - သက်သေခိုင်လုံစွာ ပြနိုင်သော သုတေသနတစ်ရပ်သည် အဖွဲ့အစည်း၏ မူဝါဒဆိုင်ရာ အနေအထားကို ထိန်းညှိပေးရန် အလွန်ပင်အရေးပါသည်။

# အဆိုပြုထောက်ခံခြင်းအတွက် လိုအပ်သော အရည်အသွေး

ယင်းကဲ့သို့ အဆိုပြုထောက်ခံခြင်းကို မြန်မာနိုင်ငံ၌ရှိ လူမှုဖွံ့ဖြိုးရေးအသင်းအဖွဲ့ (NGO , CBOs, and CSOs) များအား အဆိုပြုထောက်ခံခြင်းကို ၎င်းတို့ဆောင်ရွက်ချက်များထဲမှ အစိတ်အပိုင်းတစ်ရပ်ဖြစ်စေရန်အားပေးမြင့် တင်ခြင်း။ ထိုသို့ပိုမိုလုပ်ဆောင်နိုင်ရန် -

- သုတေသနလုပ်ရန်စိတ်အားထက်သန်သော ဝန်ထမ်းများကို ဖော်ထုတ်ခြင်း။
- သုတေသနပြုလုပ်စဉ်တွင် သုတေသီအား အထောက်အကူဖြစ်စေရန် အရည်အသွေးရှိသော ဝန်ထမ်းများကို စီစစ်ရွေးချယ်ခြင်း။
- လေ့လာလျှက်ရှိသော ခေါင်းစဉ်သည် နိုင်ငံ၏ Policy နှင့်သော်လည်းကောင်း၊ ဥပဒေနှင့် သော်လည်းကောင်း ကိုက်ညီမှုရှိရမည်။
- သုတေသနမှ တွေ့ရှိချက်များကို ဆက်စပ်မှုရှိသောနယ်ပယ်၌ လုပ်ဆောင်နေကြသော အဖွဲ့ အစည်းများကို ပြန်လည်ဝေမျှနိုင်ရမည်။
- နိုင်ငံရေးအခြေအနေနှင့်သော်လည်းကောင်း၊ နိုင်ငံရေးဥပဒေနှင့်သော်လည်းကောင်း၊ ကိုက်ညီ မှုရှိသော သုတေသနအဆိုပြုထောက်ခံခြင်းဖြစ်မှု၊ မပြစ်မှုကိုစစ်ဆေးရမည်။
- အဆိုပြုထောက်ခံခြင်းအစီအစဉ် (Advocacy Campaign) လှုပ်ရှားမှု၌ ပြုလုပ်မည် အဖွဲ့အစည်းသည် ၎င်းပြုလုပ်မည်အဆိုအတွက် တရားဝင်အကျုံးဝင်မှုရှိအောင် သေချာစေပါ။ (အဆိုပြုထောက်ခံခြင်း ဗျူဟာများကို သေသေချာချာပြုလုပ်ပါ။)

# အဆိုပြုထောက်ခံခြင်းဆိုင်ရာ မဟာဗျူဟာ - ခြုံငုံတင်ပြချက်

အဆိုပြုထောက်ခံချက်ပြုလုပ်ရာတွင် အောက်ပါအဆင့်များအတိုင်းပြုလုပ်ရမည်။

- ဖြစ်ပျက်နေသောကိစ္စရပ်များကို ဖော်ထုတ်ခြင်း။
- ထိုကိစ္စရပ်ကို ခွဲခြမ်းဆန်းစစ်ခြင်းနှင့် ရည်ရွယ်ချက်များကို ချမှတ်ခြင်း။
- လုပ်ဆောင်ခြင်းအဆိုပြုထောက်ခံမှု အစီအစဉ်ကိုရေးဆွဲခြင်း။
- အဆိုပြုထောက်ခံမှုအစီအစဉ်ကို အကောင်အထည်ဖော်ခြင်း။
- စစ်ဆေးညှနကြားခြင်းနှင့် သုံးသပ်ခြင်း။
- အဆိုပြုအစီအစဉ်ကို ပြန်လည်ဖြည့်စွက်ရေးဆွဲခြင်း။

# အဆိုပြုထောက်ခံခြင်းမဟာဗျူဟာ

## ဖြစ်ပျက်နေသောကိစ္စရပ်များကို ဖော်ထုတ်ခြင်း

- ဖြစ်ပျက်နေသောကိစ္စရပ်များကို ဖော်ထုတ်ခြင်း။
- ထိုကိစ္စရပ်ကို ခွဲခြမ်းဆန်းစစ်ခြင်းနှင့် ရည်ရွယ်ချက်များကို ချမှတ်ခြင်း။
- လုပ်ဆောင်ခြင်းအဆိုပြုထောက်ခံမှု အစီအစဉ်ကိုရေးဆွဲခြင်း။
- အဆိုပြုထောက်ခံမှုအစီအစဉ်ကို အကောင်အထည်ဖော်ခြင်း။
- စစ်ဆေးညွှန်ကြားခြင်းနှင့် သုံးသပ်ခြင်း။
- အဆိုပြုအစီအစဉ်ကို ပြန်လည်ဖြည့်စွက်ရေးဆွဲခြင်း။



# အဆိုပြုထောက်ခံခြင်းမဟာဗျူဟာ

## ဖြစ်ပျက်နေသောကိစ္စရပ်များကို ဖော်ထုတ်ခြင်း

- ဖြစ်ပျက်နေသောကိစ္စရပ်များကို ဖော်ထုတ်ခြင်း။
- ထိုကိစ္စရပ်ကို ခွဲခြမ်းဆန်းစစ်ခြင်းနှင့် ရည်ရွယ်ချက်များကို ချမှတ်ခြင်း။
- လုပ်ဆောင်ခြင်းအဆိုပြုထောက်ခံမှု အစီအစဉ်ကိုရေးဆွဲခြင်း။
- အဆိုပြုထောက်ခံမှုအစီအစဉ်ကို အကောင်အထည်ဖော်ခြင်း။
- စစ်ဆေးညွှန်ကြားခြင်းနှင့် သုံးသပ်ခြင်း။
- အဆိုပြုအစီအစဉ်ကို ပြန်လည်ဖြည့်စွက်ရေးဆွဲခြင်း။

**NGO/ CBOs**
များ၏ကွန်ယက် →

ကြီးမားသော
ပြဿနာနှင့်ကိစ္စ

OK

# အဆိုပြုထောက်ခံခြင်းမဟာဗျူဟာ

## ထိုက်ကိစ္စရပ်ကို ခွဲခြမ်းဆန်းစစ်ခြင်းနှင့် ရည်ရွယ်ချက်များကို ချမှတ်ခြင်း


- ဖြစ်ပျက်နေသောကိစ္စရပ်များကို ဖော်ထုတ်ခြင်း။
- ထိုက်ကိစ္စရပ်ကို ခွဲခြမ်းဆန်းစစ်ခြင်းနှင့် ရည်ရွယ်ချက်များကို ချမှတ်ခြင်း။
- လုပ်ဆောင်ခြင်းအဆိုပြုထောက်ခံမှု အစီအစဉ်ကိုရေးဆွဲခြင်း။
- အဆိုပြုထောက်ခံမှုအစီအစဉ်ကို အကောင်အထည်ဖော်ခြင်း။
- စစ်ဆေးညွှန်ကြားခြင်းနှင့် သုံးသပ်ခြင်း။
- အဆိုပြုအစီအစဉ်ကို ပြန်လည်ဖြည့်စွက်ရေးဆွဲခြင်း။


- သက်သေပြချက် အခြေပြု သုတေသနကို အခြေခံ၍ မည်သည့်အရာများကို ပြောင်းလဲစေ မည်ကို ရှင်းလင်းတင်ပြခြင်း။

- မည်သူက ဤပြောင်းလဲမှုကိုလုပ်ဆောင်မည့်နည်း။

- မည်သူ့အတွက်ဖြစ်စေသနည်း။

- အတိုင်းအတာ မည်မျှလောက်အထိ ဖြစ်မည်နည်း။

- ပြောင်းလဲမှုဖြစ်နိုင်ခြေ အလားအလာ။

# အဆိုပြုထောက်ခံခြင်းမဟာဗျူဟာ

## လုပ်ဆောင်ခြင်းအဆိုပြုထောက်ခံမှု အစီအစဉ်ကိုရေးဆွဲခြင်း

- ဖြစ်ပျက်နေသောကိစ္စရပ်များကို ဖော်ထုတ်ခြင်း။
- ထိုကိစ္စရပ်ကို ခွဲခြမ်းဆန်းစစ်ခြင်းနှင့် ရည်ရွယ်ချက်များကို ချမှတ်ခြင်း။
- **လုပ်ဆောင်ခြင်းအဆိုပြုထောက်ခံမှု အစီအစဉ်ကိုရေးဆွဲခြင်း။**
- အဆိုပြုထောက်ခံမှုအစီအစဉ်ကို အကောင်အထည်ဖော်ခြင်း။
- စစ်ဆေးညှိနှိုင်းခြင်းနှင့် သုံးသပ်ခြင်း။
- အဆိုပြုအစီအစဉ်ကို ပြန်လည်ဖြည့်စွက်ရေးဆွဲခြင်း။

-ရည်မှန်းချက်

-မဟာဗျူဟာနှင့်ဝါဝင်လုပ်ဆောင်မှုများ

-အချိန်ကာလသတ်မှတ်ချက်/ အသုံးပြုမည့်ငွေပမာဏရှိမှု

-အောင်မြင်စေရန် သတ်မှတ်ချက်စံနှုန်း၊ လျာထားအောင်မြင်နိုင်မှု၊ ရလဒ်နှင့်သက်ရောက်မှု အညွှန်းများ

# အဆိုပြုထောက်ခံခြင်းမဟာဗျူဟာ

## အဆိုပြုထောက်ခံမှုအစီအစဉ်ကို အကောင်အထည်ဖော်ခြင်း

- ဖြစ်ပျက်နေသောကိစ္စရပ်များကို ဖော်ထုတ်ခြင်း။
- ထိုကိစ္စရပ်ကို ခွဲခြမ်းဆန်းစစ်ခြင်းနှင့် ရည်ရွယ်ချက်များကို ချမှတ်ခြင်း။
- လုပ်ဆောင်ခြင်းအဆိုပြုထောက်ခံမှု အစီအစဉ်ကိုရေးဆွဲခြင်း။
- အဆိုပြုထောက်ခံမှုအစီအစဉ်ကို အကောင်အထည်ဖော်ခြင်း။
- စစ်ဆေးညွှန်ကြားခြင်းနှင့် သုံးသပ်ခြင်း။
- အဆိုပြုအစီအစဉ်ကို ပြန်လည်ဖြည့်စွက်ရေးဆွဲခြင်း။

-ဆောင်ရွက်မည့်အစီအစဉ်ကို ဖော်ပြကြေညာခြင်း။

-အစီအစဉ်တွင် အကောင်အထည်ဖော်ရန် သတ်မှတ်ချက်များကို လုပ်ဆောင်ခြင်း။

-နိုင်ငံရေးအခြေအနေအပေါ် မူတည်၍ အကောင်အထည်ဖော်မှုအရာများကို
နိုင်ငံရေးအနေ အထားနှင့်အညီပြုမူလုပ်ဆောင်ခြင်း။

# အဆိုပြုထောက်ခံခြင်းမဟာဗျူဟာ

## စစ်ဆေးညှန်ကြားခြင်းနှင့် သုံးသပ်ခြင်း

- ဖြစ်ပျက်နေသောကိစ္စရပ်များကို ဖော်ထုတ်ခြင်း။
- ထိုကိစ္စရပ်ကို ခွဲခြမ်းဆန်းစစ်ခြင်းနှင့် ရည်ရွယ်ချက်များကို ချမှတ်ခြင်း။
- လုပ်ဆောင်ခြင်းအဆိုပြုထောက်ခံမှု အစီအစဉ်ကိုရေးဆွဲခြင်း။
- အဆိုပြုထောက်ခံမှုအစီအစဉ်ကို အကောင်အထည်ဖော်ခြင်း။
- **စစ်ဆေးညွှန်ကြားခြင်းနှင့် သုံးသပ်ခြင်း။**
- အဆိုပြုအစီအစဉ်ကို ပြန်လည်ဖြည့်စွက်ရေးဆွဲခြင်း။

-ဆောင်ရွက်မည့်အရာများကို အသေးစိတ်မှတ်တမ်းတင်ခြင်း။

-အဆိုပြုထောက်ခံခြင်း လုပ်ဆောင်မှုများ ပိုမိုထိရောက်မှုရှိစေရန် ပုံမှန်အကဲဖြတ်မှုများ လုပ်ဆောင်ရန်။

-ရည်မှန်းချက်များကို ပြန်လည်သုံးသပ်ပြီး ဝန်းကျင်အနေအထားအရ ရှေ့ဆက်အောင်မြင်မှုရှိ မည်/ မရှိမည်ကို ကြည့်ရှုလေ့လာပါ။

-အတိုချုံးအားဖြင့် အလုပ်ဖြစ်မည့်အရာနှင့် အလုပ်မဖြစ်မည့်အရာတို့ကို ပြန်လည်သုံးသပ်ပါ။

# အဆိုပြုထောက်ခံခြင်းမဟာဗျူဟာ

## အဆိုပြုအစီအစဉ်ကို ပြန်လည်ဖြည့်စွက်ရေးဆွဲခြင်း

- ဖြစ်ပျက်နေသောကိစ္စရပ်များကို ဖော်ထုတ်ခြင်း။
- ထိုကိစ္စရပ်ကို ခွဲခြမ်းဆန်းစစ်ခြင်းနှင့် ရည်ရွယ်ချက်များကို ချမှတ်ခြင်း။
- လုပ်ဆောင်ခြင်းအဆိုပြုထောက်ခံမှု အစီအစဉ်ကိုရေးဆွဲခြင်း။
- အဆိုပြုထောက်ခံမှုအစီအစဉ်ကို အကောင်အထည်ဖော်ခြင်း။
- စစ်ဆေးညွှန်ကြားခြင်းနှင့် သုံးသပ်ခြင်း။
- **အဆိုပြုအစီအစဉ်ကို ပြန်လည်ဖြည့်စွက်ရေးဆွဲခြင်း။**

-စီစစ်ညွှန်ကြားချက်နှင့် သုံးသပ်မှုပြုလုပ်စဉ်တွင် အဆိုပြုထောက်ခံခြင်း အစီအစဉ်ကို ပြန်လည် ပြင်ဆင်ဖြည့်စွက်ပါ။

-ရေရှည်အဆိုပြုထောက်ခံခြင်းအစီအစဉ်များ၌ ပိုမိုအကျိုးပြုမည့်အရာကို အလေးထားပါ။

# လေ့ကျင့်ခန်း

# ပြဿနာကွင်းဆက်ရေးဆွဲခြင်း (Problem tree)

- ဆင်းရဲသားရပ်ကွက် တစ်ခုတွင် ကာလဝမ်းရောဂါဖြစ်ပွားနေသော အကြောင်းအရာကို သုတေသန ပြုလုပ်သည့်ကွင် ကာလဝမ်းရောဂါ ဖြစ်ပွားစေသည့်အကြောင်းအရာများနှင့် ထိုရောဂါ ကူးစက်ပြန့်ပွားစေသော သက်ရောက်မှုများကို ဖော်ထုတ်ထားဝါသည်။
- ယခုအချိန်ကွင်ခြုံငုံယူဆမှု ပုံစံတစ်ခုကို ပြုလုပ်ဝါ။ အောက်ဝါဝေးထားသော ပုံစံတကျ စီမထားသော (ဘယ်ဖက်၌ရှိသော) စာစုများကို ညာဖက်စာမျက်နှာ၌ အစီအစဉ်တကျ ပြန်လည် စီစဉ်ဝေးဝါ။





Thank you!

# ၂။ သုတေသနနှင့်ဆန်းစစ်တွေးခေါ်မှု

*တင်ပြရခြင်းရည်ရွယ်ချက်များ*

- *သုတေသနနှင့် ဆန်းစစ်တွေးခေါ်မှုတို့၏ သဘောသဘာဝနှင့် ပတ်သက်သော သင်တန်းသား များ၏ နားလည်နိုင်စွမ်းကို မြှင့်တင်ပေးရန်။*
- *သင်တန်းသားများအနေဖြင့် ခိုင်မာသော အဆိုပြုချက် (arguments) ဥပမာများနှင့် အထိအတွေ့ရှိစေရန်။*

# သုတေသန

- ယခု သင်တန်း၏ သင်ရိုးသည် အလုပ်သဘောဆောင် လူမှုရေးသုတေသနနှင့် အဓိကသက်ဆိုင်ပြီး "အလုပ်သဘောဆောင်လူမှုရေး သုတေသန"ဆိုရာ၌ "သုတေသန"ဆိုသည့် စကားရပ်လည်း ပါဝင်ပါ သည်။

- ဤနေရာတွင် သုတေသန ဆိုသည်မှာ အတွေးအမြင်အသစ်များ၊ ရှုထောင့်သစ်များ၊ အဆိုပြုချက်များနှင့် သက်ဆိုင်သည်။

- သုတေသီတစ်ဦးအနေဖြင့် လေ့လာမည့်အကြောင်းအရာနှင့် သက်ဆိုင်သော အချက်အလက်များ ကို (ဆောင်းပါးများ၊ စာအုပ်များ၊ အင်တာဗျူးများ၊ ဆာဗေးများသည့် )များစွာသော အရင်းအမြစ်များမှ ရှာဖွေရပါသည်။

- ထို့နောက် သုတေသီအနေဖြင့် **<u>ဆန်းစစ်လေ့လာပြီးသား (critically-informed)</u>** ရှုထောင့်အမြင်ကို ဖော်ထုတ်ပါသည်။ ဆိုလိုသည်မှာ ကိစ္စရပ်တစ်ခုနှင့် ပတ်သက်၍ ဖြစ်နိုင်သမျှ ရှုထောင့်ပေါင်းစုံမှ ချဉ်းကပ်လေ့လာရပါသည်။ သို့မှသာ လေ့လာမည့် ကိစ္စရပ်နှင့် ပတ်သက်ပြီး မှန်သလား /မှားသလား၊ တရားမျှတသလား / မမျှတဘူးဘား၊ ဘက်လိုက်မှုရှိသလား /မရှိဘူးလား ဆိုသည့် မေးခွန်းပေါင်းများစွာကို ဖြေဆိုနိုင်မည် ဖြစ်ပါသည်။

# သုတေသန

- သုတေသနအလုပ်သည် စာတမ်းတစ်ခုအဖြစ် စုစည်းရေးသားတင်ပြရန်အတွက် **အချက်အလက်များ၊ သက်သေ များ၊ အကြောင်းအရာကိုသာ** စုဆောင်းရသည့် အလုပ်သတ်သတ်မျှမဟုတ်မပါ။

- မေးခွန်းများတုတ်ပြီး အဖြေများတို အသေအချာအလေးအနက်တား စဉ်းစားတွေးခေါ်၍ ဆင်ခြင် အဖြေတုတ်ရသည့် လေ့လာမှုတစ်ရပ်လည်း ဖြစ်ပါသည်။

- သုတေသနလုပ်ဆောင်ရသည်အခါ ဆန်းစစ်တွေးခေါ်မှုသည် တွေးခေါ်မှုဖြစ်စဉ်၏ အရေးပါ သော အစိတ်အပိုင်းကစ်ရပ်ဖြစ်ပါသည်။

# ဆန်းစစ်တွေးခေါ်မှု . . . အဆင့်သုံးဆင့်

- ဆန်းစစ်တွေးခေါ်မှုဆိုသည်မှာ တွန်းပိုင်တို့၏ ဆင်ခြင်နိုင်မှုစွမ်းရည်၊ လွတ်လပ်စွာတွေးခေါ်နိုင်မှု စွမ်းရည်၊ ကိုယ်ပိုင်တွေးခေါ်မှုမှ ပေါ်ထွက်လာသည့် အတွေးအခေါ်များကို ဖော်ပြနိုင်မှုစွမ်းရည်တို့ကို အသုံးပြုခြင်းဖြစ်ပါသည်။

- လက်ခံသင်ယူရရှိမှုဖြစ်သော (passive learning) နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ကိုယ်တိုင်တက်ကြွစွာ သင်ယူသည့် (active learning) လည်းဖြစ်သည်။

- စာထဲတွင် ပါသည့်အတိုင်း သို့မဟုတ် တစ်ယောက်ယောက်တပြောဆိုလိုက်သည့်အတိုင်းကိုမဆန်းစစ်ဘဲ လက်ခံလိုက်ခြင်းမျိုး မဟုတ်ပေ။

- ဆန်းစစ်တွေးခေါ်မှုသည် အဆင့်သုံးဆင့်ပါလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။

- ၁။ တနဦးစေ့ဆော်ခြင်း (Evocation)
- ၂။ အဓိပ္ပါယ်အား သဘောပေါက်နားလည်ခြင်း (Realization of Meaning)
- ၃။ ပြန်လည်သုံးသပ်ခြင်း (Reflection)

Adapted from *Reading and Writing for Critical Thinking*, Steele J. , Meredith K.S. & Temple C., 1998.

# ၁။ ကနဦးစေ့ဆော်ခြင်း (Evocation)

- အကြောင်းအရာတစ်ခုနှင့် ပတ်သက်၍ ကိစ္စအသစ်တစ်ခုကို ဖတ်မိ (သို့) ကြားရသောအခါထို အကြောင်းအရာနှင့် ပတ်သက်၍ ကျွန်ုပ်တို့ သိရှိထားသည်များကို ဦးစွာ ပြန်စဉ်းစားရန်လိုပါသည်။

- ဤအဆင့်မှာ ***ကနဦးစေ့ဆော်ခြင်း*** သည့် အဆင့်ဖြစ်ပါသည်။

- အကြောင်းအရာနှင့် ပတ်သက်၍ သိရှိထားသည်များကို ထင်သာမြင်သာရှိစေရန် လုပ်ဆောင်နိုင်သော နည်းတစ်ခုမှာ ပြဿနာအခြေပြကွင်းဆက် (Problem Tree) တစ်ခုကို ဆွဲခြင်းဖြစ်သည်။ ပြဿနာ အခြေပြကွင်းဆက်ဆိုသည်မှာ လေ့လာမည်အကြောင်း အရာနှင့် (တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍) ပတ်သက်သော ကျွန်ုပ်တို့ သိရှိထားသည့် အကြောင်းတရားများ (causes) နှင့် (တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဆက်စပ်နေသည်) အကျိုးတရားများ (consequences) ကို ဆက်စပ်ဖော်ပြ သည့် ပုံတစ်ခုဖြစ်ပါသည်။

- ဤကနဦးစေ့ဆော်ခြင်း အဆင့်တွင် ပြဿနာအခြေပြကွင်းဆက်သည် သိပ်ပြီး တိကျနိုင်မည် မဟုတ်သော်လည်း ၎င်းကိစ္စမှာ အရေးမကြီးချေ။

# ၂။ အဓိပ္ပါယ်အား သဘောပေါက်နားလည်ခြင်း (Realization of Meaning)

- ဒုတိယအနေဖြင့် ကျွန်ုပ်တို့ ဖတ်မိကြားမိသည့် အရာကို ကျွန်ုပ်တို့ သိရှိထားပြီးသား အကြောင်းအရာများနှင့် ဆက်စပ်ယူရပါမည်။
- ဤသည်မှာ ဗဟုသုတအသစ်ကို သိပြီးသားများနှင့် ဆက်စပ်ပေးခြင်း ဖြစ်ပါသည်။
- ဤအဆင့်မှာ ***အဓိပ္ပါယ်အား သဘောပေါက်နားလည်***သည့် အဆင့်ဖြစ်ပါသည်။

- အကြောင်းအရာနှင့် ပတ်သက်၍ အချက်အလက်များ စုဆောင်းခြင်း၊ သက်ဆိုင်ရာစာများဖတ်ခြင်းတို့ ပြုလုပ်ပြီးသည် အခါ လေ့လာမည်အကြောင်းအရာနှင့် ပတ်သက်၍ ပိုမိုသိရှိလာပါလိမ့်မည်။ ဤသို့ စာဖတ်ခြင်း၊ အချက်အလက်စုဆောင်းခြင်း အားဖြင့် ဗဟုသုတအသစ်တို့ ရရှိလာပါသည်။
- ထိုအခါ အကြောင်းအရာနှင့် ပတ်သက်၍ သိရှိပြီး ဖြစ်သောအရာ (ရှေ့အဆင့်တွင် ဆွဲထားသော ပြဿနာအခြေပြ ကွင်းဆက် Problem Tree)ကို စာဖတ်ခြင်း၊ အချက်အလက် စုဆောင်းခြင်းမှ ရရှိလာသော အရာတို့နှင့် ထပ်မံဆက်စပ်ယူရ ပါမည်။

# ၃။ ပြန်လည်သုံးသပ်ခြင်း (Reflectlon)

- တတိယအနေဖြင့် - ရရှိလာသော ဗဟုသုတအသစ်ကို သေသေချာချာ ပြန်လည်သုံးသပ်ရပါမည်။
    - ဗဟုသုတအသစ်သည် ယခင်က နားလည်လက်ခံထားသည့် အကြောင်းအရာများတွင် မည်သို့ အသုံးချနိုင် သနည်း။။
    - သို့တည်းမဟုတ် ယခု သတင်းအချက်အလက်အသစ်နှင့် ဆက်စပ်ယူရန် ယခင်က နားလည်လက်ခံထား သည့် အရာများကို မည်သို့ပြောင်းလဲယူရမည်နည်း။။

ဤအဆင့်မှာ *<u>ပြန်လည် သုံးသပ်ခြင်း</u>* အဆင့်ဖြစ်ပါသည်။

- ဤအဆင့်တွင် ပြဿနာအခြေပြ ထွင်းဆတ် (Problem Tree) အသစ်တစ်ခု ရေးဆွဲသင့်ပါသည်။ ဤပုံအသစ်မှာ စာဖတ်ခြင်း၊ အချက်အလတ်စုဆောင်းခြင်းတို့မှ ရရှိလာသည့် ဗဟုသုတအသစ်များအားဖြင့် လေ့လာမည့် အကြောင်းအရာနှင့် ပတ်သက်၍ မည်သို့တိုးထတ် သိရှိလာသည်ကို ဖော်ပြရန် ဖြစ်ပါသည်။
- ပထမ ပြဿနာအခြေပြ ထွင်းဆက် (ကနဦးစေ့ဆော်သည့်အဆင့်မှ) နှင့် လက်ရှိ (ပြန်လည်သုံးသပ်သည့် အဆင့်)၏ ပြဿနာအခြေပြအညွှန်းနှစ်ရပ်တို့ကို နှိုင်းယှဉ်လေ့လာခြင်းအားဖြင့် လေ့လာမည့်အကြောင်း အရာနှင့် ပတ်သတ်၍ ကျိုးကြောင်းဆင်ခြေများ ဖော်ထုတ်ရန် လွယ်ကူလာစေပါသည်။

# ဆန်းစစ်တွေးခေါ်မှုနှင့် သုတေသန

- ဆန်းစစ်တွေးခေါ်မှုသည် အဆိုပြုချက် (arguments) တည်ဆောက်ရာတွင် အထောက်အကူပြုသည်။
- ဤနေရာတွင် အဆိုပြုချက်ဆိုသည်မှာ လူအချင်းချင်း၊ တစ်ယောက်နှင့်တစ်ယောက်ကြား ခွန်းကြီးခွန်းငယ် တုံ့ပြန်ပြောဆိုသည်ကို မဆိုလိုပါ။ ဤနေရာတွင် အဆိုပြုခြင်းဆိုသည်မှာ အတွေးများကိုဖော်ထုတ် ၍ ဆင်ခြင်မှုလမ်းကြောင်းအတိုင်း ပေါင်းစည်း၍ ဖော်ပြခြင်းဖြစ်သည်။
- ၄င်းဆင်ခြင်မှုလမ်းကြောင်းပေါ်မှ တွေးခေါ်သုံးသပ်ရင်း ကောက်ချက်တစ်ခုသို့ ရောက်လာမည့်။ဤ သို့ဖြင့် စာဖတ်သူ (သို့) နားထောင်နေသူအား တင်ပြလိုက်သည့် ရှုထောင့်အမြင်၏ ကျိုးကြောင်းဆီလျော်မှုကို လက်ခံစေရန် စည်းရုံးသိမ်းသွင်းနိုင်လိမ့်မည်။
- ခြုံငုံသုံးသပ်နားလည်နိုင်စွမ်းနှင့် စနစ်ကျကျ ဆင်ခြင်သုံးသပ်ထားသည် အဆိုပြုချက်များ တည်ဆောက် နိုင်စွမ်းသည် ဆန်းစစ်တွေးခေါ်မှုတွင် အခရာကျပါသည်။
- ဤသို့ဖြင့် သုတေသနနှင့် အလုပ်သဘောဆောင် လူမှုရေးသုတေသနတို့သည် စနစ်တကျရှိသော အဆိုပြုချက်များအပေါ် အခြေခံတည်ဆောက်ပါက ပို၍ လက်ခံနိုင်လောက်အောင် ခိုင်မာပါလိမ့်မည်။

# အဆိုပြုချက်များ (Arguments)

- အဆိုပြုချတ်များဆိုသည်မှာ အဘယ်နည်း။

- အဆိုပြုချတ်များ (argument) တစ်ခုသည် *ဖော်ပြချက်များ* (*statements*) နှင့် ဖွဲ့စည်းတားပါသည်။

  ဖော်ပြချက်များ 1 + ဖော်ပြချက်များ 2 + ဖော်ပြချက်များ 3 + --- + ဖော်ပြချက်များ N = အဆိုပြုချက်

- အဆိုပြုချတ်တစ်ခု ဖြစ်စေရန် ဤသို့ဖော်ပြချတ်အုပ်စုတစ်ခု၌ အခြားသော ဖော်ပြချက်များမှ ကျောတောတ် နောက်ခံပြုတားပေးသည့် ဖော်ပြချတ်တစ်ရပ် ရှိရပါမည်။

- ဆိုလိုသည်မှာ ဖော်ပြချတ်များတဲမှ ဖော်ပြချတ်တစ်ရပ်သည် အခြားသောဖော်ပြချက်များ ပေါင်းစည်းမှုကြောင့် ယုတ္တိတန် သော အကျိုးဆတ်အနေဖြင့် ပေါ်တွတ်လာသည့် အဆိုတစ်ရပ်ဖြစ်ရပါမည်။

# ဥပမာ

- သုတေသန တစ်ရပ်သည် ရန်ကုန်မြို့ရှိ ကျောင်းနေအရွယ် ကလေးငယ်များ ကျောင်းထွက်သည့်အကြောင်းအရာကို လေ့လာသည် ဆိုပါစို့။ အောက်တွင် ဖော်ပြထားသည်မှာ သုတေသနတွေ့ရှိချက်များကို အခြေခံထားသည့် ဖြစ်နိုင်ချေရှိသောအဆိုပြုချက်တစ်ရပ် ဖြစ်သည်။

  - ဖော်ပြချက် (၁) - ကျောင်းထွက်သည့်နှုန်းသည် လှိုင်သာယာမြို့နယ်တွင် ကမာရွတ်မြို့နယ်ထက် များစွာမြင့်မား သည်ဟု ဆာဗေးသုတေသနစစ်တမ်းတစ်ရပ်က ပြဆိုသည်။
  - ဖော်ပြချက် (၂) - အမျိုးသားစာရင်းအင်းများက အိမ်ထောင်စုဝင်ငွေတွင် ကမာရွတ်သည် လှိုင်သာယာထက်သုံးဆ မြင့်မားသည်ဟု ညွှန်းဆိုသည်။
  - ဖော်ပြချက် (၃) - သို့အတွက် အခြားအချက်များ ရှိနိုင်သည့်တိုင် ရန်ကုန်မြို့ ဆင်ခြေဖုန်းဒေသတွင် နေထိုင်ကြသည့် မိသားစုများ၏ ကြီးမားသော ဆင်းရဲမွဲတေမှုသည် ကျောင်းထွက်သည့်နှုန်းကို မြင့်စေသည်။

- <u>အဆိုပြုချက်</u>အနေဖြင့် -

ကျောင်းထွက်သည့်နှုန်းသည် လှိုင်သာယာမြို့နယ်တွင် ကမာရွတ်မြို့နယ်ထက် များစွာမြင့်မားသည်ဟု ဆာဗေးသုတေသန တစ်ရပ်က ပြဆိုသည်။ အမျိုးသားစာရင်းအင်းများက အိမ်ထောင်စုဝင်ငွေတွင် ကမာရွတ်သည် လှိုင်သာယာထက် သုံးဆ မြင့်မားသည်ဟု ညွှန်းဆိုသည်။ သို့အတွက် အခြားအချက်များရှိသော်လည်း ရန်ကုန်မြို့ ဆင်ခြေဖုံးဒေသတွင် နေထိုင်ကြသည့် မိသားစုများ၏ ကြီးမားသော ဆင်းရဲမွဲတေမှုသည် ကျောင်းထွက်သည့်နှုန်းကို မြင့်စေသည်။

- သတိပြုရန်မှာ အဆိုပြုချက်သည် ဖော်ပြချက် 'သုံး'ရပ်သာ ပါဝင်သည်ဟူ၍ မဟုတ်ပါ။ အချို့သော အဆိုပြုချက်များတွင် ပိုများနိုင်ပါသည်။

# ဥပမာ

- အဆိုပြုချက်ဥပမာတစ်ရပ်မှာ -

- ဖော်ပြချက် (၁) ။ ။ ကျန်းမာရေးနှင့် ညီညွတ်အောင်နေထိုင်သည့် ဗဟုသုတမရှိခြင်းသည် အိပ်(ချ်)အိုင်ဗွီကူးစက် ခံထား ရသူများ (PLHIV) အကြား ၌ ကူးစက်ရာတွင် အဓိကအကြောင်းတစ်ရပ်ဖြစ်သည်ဟု သုတေသနက ပြဆိုသည်။

- ဖော်ပြချက် (၂) ။ ။ငင်းတို့၏ သွေးအခြေအနေ (အဖြေ)ကို သိရှိသွားခြင်းသည် ၎င်းတို့၏ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုနှင့် မိမိဂုဏ်သိက္ခာအား လေးစားမှုတို့အား ပြိုကျပျက်စီးစေပြီး အကျိုးဆက်အနေဖြင့် ခွဲခြားဆက်ဆံခံရသည့် ခံစားမှုအား ပိုမိုဆိုးရွားသွားစေကြောင်း အင်တာဗျူးများအားဖြင့် သိရှိရသည်။

- ဖော်ပြချက်(၃) ။ ။ သို့အတွက် PLHIV များ ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလိုသည့် မည်သည့်ပြည်သူ့ ကျန်းမာရေး အစီအမံမဆို ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်ရေး၊ ပညာပေးသည့် အစီအစဉ် သာမက စိတ်ပိုင်းဆိုင်ရာ အထောက်အကူပေးသည့် အစီအစဉ်များ ကိုလည်းလုပ်ဆောင်သင့်သည်။

အဆိုပြုချက်မှာ -

ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်သည့်ဗဟုသုတမရှိခြင်းသည် အိပ် (ချ်)အိုင်ဗွီကူးစက်ခံထားရသူများ (PLHIV) အကြား၊ HIV ကူးစပ်ရာတွင် အဓိကအကြောင်းတစ်ရပ်ဖြစ်သည်ဟု သုတေသနက ပြဆိုသည်။ ၎င်းတို့၏ သွေးအခြေအနေ (အဖြေ)ကို သိရှိသွားခြင်းသည် ၎င်းတို့၏ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုနှင့် မိမိဂုဏ်သိက္ခာအား လေးစားမှုတို့အား ပြိုကျပျက်စီးစေပြီး အကျိုးဆက်အနေဖြင့် ခွဲခြားဆက်ဆံခံရသည့် ခံစားမှုအား ပိုမိုဆိုးရွားသွားစေကြောင်း အင်တာဗျူးများအားဖြင့် သိရသည်။ သို့အတွက် PLHIV များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလိုသည့် မည်သည့်ပြည်သူ့ကျန်းမာရေး အစီအမံမဆို ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်ရေး ပညာပေးသည့် အစီအစဉ် သာမက စိတ်ပိုင်းဆိုင်ရာ အထောက်အကူပေးသည့် အစီအစဉ်များတိုလည်း လုပ်ဆောင်သင့်သည်။

# ဆန်းစစ်တွေးခေါ်မှုနှင့် သုတေသန

- တင်ပြခဲ့သည့် အကြောင်းအရာများ၏ ဆိုလိုရင်းမှာ ---- ကျွန်ုပ်တို့သည် ဖတ်ရှု၊ ကြားနာ၊ တွေးခေါ်၊ ကြုံတွေ့၊ လေ့လာမိသည့် အကြောင်းအရာများကို စဉ်ဆက်မပြက်ဆိုသလို အတဲဖြတ်သုံးသပ်ဖြစ်ကြသည်။

- ကျွန်ုပ်တို့သည် အတွေးအကြံများ၊ အဆိုပြုချက်များနှင့် လေ့လာတွေ့ရှိမှုများသည် လွှမ်းခြုံစေ့ငု မိသည့် မြင်ကွင်းဟုတ်မတုတ် ဆိုသည်ကို အမြဲလိုလို မေးခွန်းထုတ်လေ့ရှိပြီး မဟုတ်ပါကလည်း တိုသို့မဟုတ်သည့်အကြောင်းကို လက်ခံရန် အသင့်ရှိကြသည်။ ကျွန်ုပ်တို့သည် ပြဿနာရပ်များကို စနစ်တကျ ဖော်တုတ် သတ်မှတ်၊ စိစစ်လေ့လာလျက်၊ အခြေအနေပေးပါက ဖြေရှင်းဖို့အတိ ကြိုးစားအားတုတ်ကြသည်။

- ကျွန်ုပ်တို့သည် အိုင်ဒီယာများ၊ ဖော်ပြချက်များ၊ အရေးဆိုမှုများ၊ အဆိုပြုချက်များ၊ လေ့လာတွေ့ရှိမှုများသည် မည်မျှခိုင်လုံမှုရှိသည်တို သုံးသပ်ကြခြင်းဖြင့် ၎င်းတို့သည် မည်မျှအတိ စိတ်ချယုံ ကြည်နိုင်သည်တို ကျိုးကြောင်းခိုင်လုံသည့် အဆုံးအဖြတ်တစ်ရပ် ပေးနိုင်ကြသည်။

# ဆန်းစစ်တွေးခေါ်မှုနှင့် သုတေသန

- ဆန်းစစ်တွေးခေါ်မှုသည် သုတေသနအထုပ်ကို လုပ်ဆောင်သည့်အခါ မရှိမဖြစ် အရေးကြီးပါသည်။

-သုတေသနမေးခွန်းများထို ဖော်ထုတ်သည့်အခါ

-ယခင်ရှိနှင့်ပြီးသည့် စာပေများကို လေ့လာသည့်အခါ

-သုတေသနနည်းလမ်းကို ရွေးချယ်၍ အသုံးပြုသည့်အခါ

-အချက်အလက်များကို စိစစ်လေ့လာသည့်အခါ

-အစီရင်ခံစာရေးသားတင်ပြသည်အခါ ------ များ၌ ဆန်းစစ်တွေးခေါ်မှု လိုအပ်လာပါလိမ့်မည်။ ယခု ဖော်ပြခဲ့သည်များမှာ သုတေသနလုပ်ငန်းစဉ်၏ အဆင့်အားလုံးဖြစ်ပြီး နောင်လာမည့် တင်ပြမှုများ၌ အသေးစိတ်ဖော်ပြသွားပါမည်။

Thank you!

ဋ၀ဧဧ၀ွဧးနှ်ယ၁ှင ဖြယ်ှငယ်ှဂ ဉှံနိုးငါ်းဂှလးငှါနိ နိငယ၁ငါ် းမ၁ဂိလ

နှ်မ်းဂ၁ှယဉှံဂျ ဂိဋ္ဋါဂိငါ
ယွဂ်ိးဧ၁ှ၀ယွ၀ွ ပြးငါ်းငငးနှ်ယ၁ှင/းငါ်းငငး၁ှငါယ၁ ၁ှဝိုးလှိဝဂှမဂှနိနိငယ၁ငါ် ▪

နှ်မ်းဂ၁းငှါထငှါဂျ ယွး၁ှါဧဧငှါမဧ ပြးငါ်းငငးနှ်ယ၁ှင/းငါ်းငငး၁ှငါယ၁ ဖြယ်ှငယ်ှဂ
ဉှံနိဂှါဂျါးငှ်ဧ းငဧးငါ်းဂှလးငှါနိ ငင၁ဂျါးငှ်ဧ ၁ှဝိဂှမဂှနိနိငယ၁ငါ် ပြဂှဧဧ ▪

နှ်မ်းဂ၁ှယဉှံဂျါးငဧဂိငှါလးငနိ ပြးငါ်းငငးနှ်ယ၁ှင/းငါ်းငငး၁ှငါယ၁ ဖြယ်ှငယ်ှဂ
ဉှံနိ၀ငငငငငဧ၁င ပြးလှိဝဂှမဂှနိနိငယ၁ငါ် းထဝ္ွးဂိ၁ဧငှါမဧ ဉှံနိယ်ှဝိဧမ၁ဧ ▪

းငါမယ်ါမဂှမိငှါမ း၁ှဂျါမဂျ၁ှယ

# ယှထယှဂ
# နိငယ၁ငါ်းထဝ္ွးဂိ၁ဧငှါမဧ
# ဉှံနိနိငယ၁ငါ်းထ၀ွယ်ှဝိဧမ၁ဧ •ငါ

# အလုပ်သဘောဆောင်လူမှုရေးသုတေသန

ပထမတင်ပြချက်များသည် အလုပ်သဘောဆောင်လူမှုရေးသုတေသနနှင့် လူထုအကျိုး တိုက်တွန်း ပြောဆိုမှုတို့၏ ဆက်နွယ်ပုံ၊ နှင့် အလုပ်သဘောဆောင် လူမှုရေးသုတေသနတစ်ရပ်အနေဖြင့် တိုက်တွန်းပြောဆို မှု၏ ပန်းတိုင်များအား အဆင့်မြှင့်တင်ရာတွင် မည်သို့အထောက်အကူဖြစ်နိုင်ပုံတို့ကို လေ့လာခဲ့ကြခြင်း ဖြစ်သည်။

ယနေ့တွင်မူ အလုပ်သဘောဆောင်လူမှုရေးသုတေသနအား ဆောင်ရွက်ပုံနည်းလမ်း အသီးသီးအား တင်ပြသွားမည်ဖြစ်သည်။

# အလုပ်သဘောဆောင်လူမှုရေးသုတေသနအား ဆောင်ရွက်ပုံနည်းလမ်းများ

- ရှာဖွေဖော်ထုတ်မှု (Exploratory) လေ့လာလျက်ရှိသော အခြေအနေတစ်ရပ်အား အကြမ်းဖျင်း နားလည်မှု
- ဖော်ပြညွှန်းဆိုမှု (Descriptive) လေ့လာမှုတစ်ရပ်၏ ဝိသေသလက္ခဏာများအား အတိအကျ တိုင်းတာမှုပြုခြင်းနှင့် အစီရင်ခံတင်ပြခြင်း
- ရှင်းလင်းပြဆိုမှု (Explanatory) လေ့လာလျက်ရှိသော အခြေအနေတစ်ရပ်၏ ကွဲပြားသော မျက်နှာစာရှုထောင့်များအကြား ဆက်နွယ်မှုကို ရှာဖွေဖော်ထုတ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း။

သုတေသန ပရောဂျက်စီမံကိန်းအတော်များများ၌ အဆိုပါ နည်းလမ်းသုံးခုအနက် နှစ်ခု (တစ်ခါတစ်လေ သုံးခုစလုံး)ကို ပေါင်း၍ အသုံးပြုရလေ့ရှိသည်။ ဥပမာ - သုတေသနပထမအဆင့်၌ "ဖော်ပြညွှန်းဆိုမှု" နည်းလမ်းသုံး၍ ဒုတိယအဆင့်၌ "ရှင်းလင်းပြဆိုမှု" နည်းလမ်းသုံးရခြင်းမျိုး ဖြစ်သည်။

အဆိုပါ အလုပ်သဘောဆောင်သုတေသနနည်းလမ်းသုံးမျိုးစလုံးအား အရည်အတွက်စံထား သုတေသန (Quantitative Research)နည်းဖြင့်သော်လည်းကောင်း အရည်အသွေးစံထားသုတေသန (Qualitative Research)နည်းဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

# ဥပမာ

သုတေသနပရောဂျက်တစ်ခုသည် ရန်ကုန်မြို့၊ မြို့နယ်တစ်ခုအတွင်းရှိ လူများ၏ နိုင်ငံရေးအရ စိတ်ဝင်စားအားပေးမှုကို လေ့လာလျှတ်ရှိသည်။ ဆိုလိုသည်မှာ ဤမြို့နယ်အတွင်းရှိ နေထိုင်သူများသည် မည်သည့်ပါတီကို ထောက်ခံကြသနည်းဆိုသည်ကို လေ့လာခြင်းဖြစ်သည်။

ရှာဖွေဖော်ထုတ်မှုရည်ရွယ်ချက် - ဤတွင် သုတေသနအနေဖြင့် မြို့နယ်အတွင်း နေထိုင်သော မည်သည့် အိမ်ထောင်စုများသည် နိုင်ငံရေးစိတ်ဝင်စားသည်ဟူသော အတိုင်းအတာကို စုံစမ်းလေ့လာမည်ဖြစ်သည်။ ဆိုလိုသည်မှာ - (မြို့နယ်တွင်း) စုစုပေါင်းလူဦးရေတွင် ရာခိုင်နှုန်းမည်မျှသည် ၎င်းတို့ ကိုယ်၎င်းတို့ နိုင်ငံရေးအရ တက်ကြွစိတ်ဝင်စားမှုရှိကြောင်း ဖော်ပြသည်ကို သိအောင်လုပ်ခြင်းဖြစ်သည်။

ဖော်ပြညွှန်းဆိုမှုရည်ရွယ်ချက် - ဤနေရာ၌ သုတေသနအနေဖြင့် နိုင်ငံရေးအရ တက်ကြွစိတ်ဝင်စားမှုရှိ ခြင်း အား ပညာအရည်အချင်းနှင့် ဆက်စပ်လေ့လာမည်ဖြစ်သည်။ ဆိုလိုသည်မှာ - ပညာအရည်အချင်း နှင့် နိုင်ငံရေးစိတ်ပါဝင်စားမှုရှိခြင်းတို့ ဆက်စပ်မှုရှိမရှိကို လေ့လာမည်ဖြစ်သည်။

ရှင်းလင်းတင်ပြမှုရည်ရွယ်ချက် - ဤတွင် သုတေသနအနေဖြင့် ပြည်သူများသည် နိုင်ငံရေးပါတီတစ် ရပ်ရပ်အား မဲပေးထောက်ခံရခြင်း၏ အကြောင်းရင်းကို လေ့လာဖော်ထုတ်မည်ဖြစ်သည်။

# အရေအတွက်စံထားသုတေသနနှင့် အရည်အသွေးစံထားသုတေသန

- အထက်ပါအလုပ်သဘောဆောင် သုတေသနနည်းလမ်းသုံးသွယ်တွင်တစ်ခုချင်းစီအနေဖြင့် ယခုသုတေသနပြုလုပ် စဉ် ပေါ်ထွက်လာသော အချက်အလက်များသည် လေ့လာလျက်ရှိသော ပြဿနာရပ်၏ အရည်အသွေးဆိုင်ရာအပိုင်း  သို့တည်းမဟုတ် အရေအတွက်ပိုင်းဆိုင်ရာအပိုင်း ကို အလေးပေးဖော်ပြပေလိမ့်မည်။

- သို့အတွက် ယင်းပြဿနာကိစ္စရပ်အား လေ့လာလျက်ရှိသော သုတေသနအနေဖြင့် အရည်အသွေးဆိုင်ရာရော အရေအတွက်ဆိုင်ရာပါဖြစ်နိုင်သည်။

# အရေအတွက်စံထားသုတေသန
## (Quantitative Research)

အရေအတွက်စံထားသုတေသနသည် စာရင်းအင်းဆိုင်ရာ စိစစ်လေ့လာမှုကို အသုံးချ၍ ရလာဒ်များဖော်ထုတ်ရခြင်းဖြစ်သည်။ တိုင်းတာခြင်းကိစ္စရပ်အပေါ်တွင် အဓိကအလေးထားသည်။

၎င်းတွင် "အဘယ်ကြောင့်နည်း" ဆိုသည့်မေးခွန်းကို ဖြေဆို၍ ကြိုးစားအားထုတ်ရပြီး လူများ သို့မဟုတ် လူအုပ်စုများအားနှိုင်းယှဉ်သုံးသပ်ရန် ကြိုးစားသည်။

၎င်းနည်းလမ်းသည် လူတစ်စု (သို့)လူအုပ်စုများအကြား ပေါင်းစည်းမှု၊ ဆက်စပ်မှု သို့မဟုတ် အကြောင်း - အကျိုးဆိုင်ရာ တို့ကို ဖော်ပြနိုင်ရန် ကြိုးစားသည်။

# အရည်အသွေးစံထားသုတေသန
## (Qualitative Research)

အရည်အသွေးစံထားသုတေသနသည် စာရင်းအင်းအတိုင်းအတာများကို အခြေမတည်ပဲ အဓိပ္ပါယ်တစ်ရပ်အား ဖော်ထုတ်ဖွင့်ဆိုရခြင်းမျိုး၊ အခြေအနေတစ်ရပ်အား ပြန်လည်ရှင်းလင်းတင်ပြရခြင်းမျိုးနှင့် ပိုမိုသက်ဆိုင်သည်။

"မည်သည့်အရာနည်း" ဆိုသည်မေးခွန်းနှင့် "မည်သို့နည်း"ဆိုသည် မေးခွန်းများကို ဖြေဆိုနိုင်ရန် ကြိုးစားသည်။

အများအားဖြင့် ဤသုတေသနပုံစံသည် အတိအကျတိုင်းတာမှုပုံစံ (formal measurement) မပါသော လူတစ်ဦးချင်းစီ၏ ကိုယ်ရေးကိစ္စရပ်များ၊ အင်တာဗျူးများ၊ စသည်လေ့လာမှုများအပေါ် အာရုံစိုက်သည်။

# ကိန်းရှင်
## (Variable)

အထက်ပါ သုတေသနနှစ်ရပ်စလုံးတွင် ကိန်းရှင်များနှင့် ပတ်သတ်သော သတင်းအချက်အလက်များ စုဆောင်းရလေ့ရှိသည်။

ကိန်းရှင်တစ်ခုဆိုသည်မှာ တန်ဘိုးအမျိုးမျိုး ပြောင်းလဲဖြစ်တည်နိုင်သည့် အရာမျိုးကို ခေါ်ဆိုခြင်း ဖြစ်သည်။

ဥပမာအားဖြင့် - အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ အသက်၊ လူမျိုး၊ စိတ်နေသဘောထား တို့သည် ကိန်းရှင်များဖြစ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် အရပ်အမြင့်အမျိုးမျိုး၊ ကိုယ်အလေးချိန် အမျိုးမျိုး၊ အသက်အရွယ်စုံ၊ လူမျိုးပေါင်းစုံ၊ စိတ်နေသဘောထားအမျိုးမျိုးတို့ ရှိကြသောကြောင့် ဖြစ်သည်။

ကိန်းရှင်သည် ကျိုးကြောင်းစပ်ဟပ်မှုရှိသော အရည်အသွေးဂုဏ်ဒြပ်အစုတစ်ရပ် ဖြစ်သည်။

ဆန့်ကျင်ဘက်အနေဖြင့်မူ တစ်စုံတစ်ခုသည် မပြောင်းလဲပါက သို့တည်းမဟုတ် တန်ဘိုးအမျိုးမျိုး မရှိနိုင်ပါက ၎င်းကို “ကိန်းသေ” (constant) ဟုခေါ်သည်။

အရေအတွက်စံထားသုတေသနသမားများသည် ကိန်းရှင်အနည်းငယ်ကို အသုံးပြု၍ ကိစ္စရပ် အတော်တော်များများကို သုံးသပ်လေ့လာရသည်။

အရေအသွေး စံထားသုတေသနသမားများသည် ကိန်းရှင်မြောက်များစွာအသုံးပြု၍ ကိစ္စရပ် အနည်းငယ်ကို စူးစမ်းလေ့လာရပေသည်။

# လေ့ကျင့်ရန်အချိန်

“ကိန်းရှင်” တစ်ခုသည် ကျိုးကြောင်းစပ်ဟပ်မှုရှိသော အရည်အသွေးဂုဏ်ဒြပ်အစုတစ်ရပ်ဖြစ်ပါသည်။ အောက်ဖော်ပြပါ မေးခွန်းများကို ကျေးဇူးပြု၍ ဖြေဆိုပါ။

- အကယ်၍ “လိင်”သည် ကိန်းရှင်တစ်ခုဖြစ်ပါက ၎င်း၏ ဂုဏ်အင်္ဂါများမှာ ----။

- အကယ်၍ “အလုပ်အကိုင်အခြေအနေ”သည် ကိန်းရှင်တစ်ခုဖြစ်ပါက သူ၏အစုတွင် ပါဝင်သော ဂုဏ်အင်္ဂါများမှာ ----၊

- သုတေသနပရောဂျက်တစ်ခုသည် “မြို့နေပညာတတ်လူတန်းစားများ၏ ပတ်ဝန်းကျင်ဆိုင်ရာ ဗဟုသုတ “ဆိုသည့် ခေါင်းစဉ်ဖြင့်စူးစမ်းလေ့လာလျက်ရှိသည်။ ဤတွင် မည်သည်အရာသည် ကိန်းရှင်ဖြစ်သနည်း။

- လတ်တလောသုတေသနတစ်ခုတွင် ဖော်ထုတ်တွေ့ရှိချက်အရ “၂၀၁၀ ခုနှစ်တွင် အိမ်ထောင်စု များ၏ ပျှမ်းမျှဝင်ငွေမှာ ၁၀၀,၀၀၀ကျပ်ဖြစ်သည်’ ဆိုပါက မည်သည်အရာသည် ကိန်းရှင်ဖြစ်သနည်း။

# လေ့ကျင့်ရန်အချိန်

“ကိန်းရှင်” တစ်ခုသည် ကျိုးကြောင်းစပ်ဟပ်မှုရှိသော အရည်အသွေးဂုဏ်ဒြပ်အစုတစ်ရပ်ဖြစ်ပါသည်။ အောက်ဖော်ပြပါ မေးခွန်းများကို ကျေးဇူးပြု၍ ဖြေဆိုပါ။

- အကယ်၍ “လိင်”သည် ကိန်းရှင်တစ်ခုဖြစ်ပါက ၄င်း၏ ဂုဏ်အင်္ဂါများမှာ ----။ 

  ကျား ၊ မ

- အကယ်၍ “အလုပ်အကိုင်အခြေအနေ”သည့် ကိန်းရှင်တစ်ခုဖြစ်ပါက သူ၏အစုတွင် ပါဝင်သော ဂုဏ်အင်္ဂါများမှာ ----၊

  အချိန်ပြည့်အလုပ်၊ အချိန်ပိုင်းအလုပ်၊ အလုပ်လက်မဲ့

- သုတေသနပရောဂျက်တစ်ခုသည် “မြို့နေပညာတတ်လူတန်းစားများ၏ ပတ်ဝန်းကျင်ဆိုင်ရာ ဗဟုသုတ “ဆိုသည့် ခေါင်းစဉ်ဖြင့်စူးစမ်းလေ့လာလျက်ရှိသည်။ ဤတွင် မည်သည့်အရာသည် ကိန်းရှင်ဖြစ်သနည်း။

  ပတ်ဝန်းကျင်ဆိုင်ရာဗဟုသုတ

- လတ်တလောသုတေသနတစ်ခုတွင် ဖော်ထုတ်တွေ့ရှိချက်အရ “၂၀၁၀ ခုနှစ်တွင် အိမ်ထောင်စု များ၏ ပျှမ်းမျှဝင်ငွေမှာ ၁၀၀ယ၀၀၀ကျပ်ဖြစ်သည်’ ဆိုပါက မည်သည့်အရာသည် ကိန်းရှင်ဖြစ်သနည်း။

  ဝင်ငွေ

# ကိန်းရှင် (Variable) နှင့် ဂုဏ်အင်္ဂါများ (Attributes)

- ကိန်းရှင်နှင့် အလွန်နီးကပ်စွာ ပက်သက်ဆက်နွယ်လျက်ရှိသည်မှာ ၎င်း၏ဂုဏ်အင်္ဂါများဖြစ်သည်။ ဂုဏ်အင်္ဂါများ ဆိုသည်မှာ လူတစ်ယောက်၊ အရာဝတ္ထု တစ်ခု(သို့) ဒြပ်မဲ့အရာ စသည်တို့ကို ဖော်ညွှန်းနိုင်သော ဝိသေသ လက္ခဏာများနှင့် အရည်အသွေးများကို ခေါ်ဆိုခြင်းဖြစ်သည်။

- ကိန်းရှင် "တစ်ခု" ကို လေ့လာမည်ဆိုပါက ၎င်း၌ ဂုဏ်အင်္ဂါများစွာပါဝင်မည်ဖြစ်သည်။ သို့အတွက် သုတေသနပရောဂျက်တစ်ခုအနေဖြင့် ၎င်းကိန်းရှင်ကိုလေ့ လာရာ တွင် မတူညီသော သုတေသနနည်းလမ်း အမျိုးမျိုးကို အသုံးပြုရသည်။ ကိန်းရှင်ကိုဖော် ညွှန်းသော ဂုဏ်အင်္ဂါများကို အသုံးပြု၍ အရေအတွက်စံထားနည်းအားဖြင့်ရော အရည်အသွေးစံထားနည်းအားဖြင့် ထိုကိန်းရှင်ကို လေ့လာရခြင်းဖြစ်သည်။

# လေ့ကျင့်ရန်အချိန်

## ကိန်းရှင်နှင့် ဂုဏ်အင်္ဂါများ

အောက်ဖော်ပြပါတို့သည် ကိန်းရှင်များဖြစ်ကြသည်။ ထိုကိန်းရှင်အသီးသီးနှင့် စပ်ဆိုင်သော ဂုဏ်အင်္ဂါအရည်အသွေးအသီးသီးကို ကျေးဇူးပြု၍ ဖော်ပြပါ။

အသက်

လိင်

အလုပ်အကိုင်

နိုင်ငံသား

လူတန်းစားအလွှာ

နိုင်ငံရေးအမြင်

# လေ့ကျင့်ရန်အချိန်

## ကိန်းရှင်နှင့် ဂုဏ်အင်္ဂါများ

ဗအောက်ဘက် ညာခြမ်းသည် ဖြစ်နိုင်ချေရှိသော အဖြေများဖြစ်သည်။

| | |
|---|---|
| အသက် | ငယ်ရွယ်သူ၊ သက်လတ်တန်း၊ သက်ကြီးပိုင်း |
| လိင် | ကျား၊ မ |
| အလုပ်အကိုင် | စာရေးစာချီ၊ ဂျာနယ်လစ် |
| နိုင်ငံသား | မြန်မာနိုင်ငံသား၊ ဂျပန်နိုင်ငံသား၊ ဆွစ်ဇာလန်နိုင်ငံသား |
| လူတန်းစားအလွှာ | အခြေခံလူတန်းစား၊ လူလတ်တန်းစား၊ အထက်တန်းအလွှာ |
| နိုင်ငံရေးအမြင် | ကွန်ဆာဗေးတစ်၊ လစ်ဘရယ်၊ တစ်ယူသန်ပါတီစွဲမရှိသူ |

# ကိန်းရှင်အမျိုးအစားများ

သုတေသနပရောဂျက်တစ်ခုအနေဖြင့် ကိန်းရှင်တစ်ခုထက်ပို၍ လေ့လာရလေ့ရှိပြီး (အများအားဖြင့် ကိန်းရှင်နှစ်ခု) ၎င်းတို့၏ ဖြစ်နိုင်ချေရှိသော ပတ်သက်မှုနှင့် ဆက်နွယ်မှုတို့ကို စူးစမ်းရလေ့ရှိသည်။ ဤတွင် အဆိုပါပရောဂျက် ၏ ရည်ရွယ်ချက်အနေဖြင့် "ရှင်းလင်းပြဆို"ရန် ဖြစ်ပြီး ကိန်းရှင်တစ်လုံးက အခြားကိန်းရှင်တစ်လုံးအပေါ် မည်သို့သြဇာသက်လွှမ်းမိုးမှုရှိကြောင်းကို သိသာထင်ရှားစေရန် ဖြစ်သည်။

လွတ်လပ်ကိန်းရှင် (Independent variable)။ ။ အခြားကိန်းရှင်တစ်လုံးအပေါ် သြဇာသက်ရောက် သော ကိန်းရှင်ဟု သုတေသနသမားများက တွေးဆသောကိန်းရှင်ဖြစ်သည်။

မှီခိုကိန်းရှင် (Dependent Variable)။ ။ အခြားကိန်းရှင်တစ်လုံး၏ သြဇာသက်ရောက်မှုခံရသော ကိန်းရှင်ဟု သုတေသနသမားများက တွေးဆသော ကိန်းရှင်ဖြစ်သည်။

သုတေသနတစ်ရပ်တွင် တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။



# လေ့ကျင့်ရန်အချိန်

အောက်ပါတို့တွင် မည်သည်တိန်းရှင်သည် "မှီခိုကိန်းရှင်"ဖြစ်၍ မည်သည်ကိန်းရှင်သည် "လွတ်လပ်ကိန်းရှင်" ဖြစ်ကြောင်း ဖော်ပြပေးပါ။

ပတ်ဝန်းကျင်ဆိုင်ရာဗဟုသုတနှင့် ပညာရေးအဆင့်အတန်း

အိမ်ထောင်စုဝင်ငွေနှင့် တွန်ပျူတာအသုံးပြုနိုင်မှု

အိမ်ထောင်စုရှိကလေးအရေအတွက်နှင့်
ကျောင်းစာမေးပွဲများ၌ အောင်မြင်မှု

တစ်ကိုယ်ရေသန့်ရှင်းမှုဗဟုသုတနှင့် မြို့ပြ/ကျေးလက်နေထိုင်မှု

# လေ့ကျင့်ရန်အချိန်

| | လွတ်လပ်ကိန်းရှင် | မှီခိုကိန်းရှင် |
|---|---|---|
| ဝတ်ဝန်းကျင်ဆိုင်ရာဗဟုသုတနှင့် ပညာရေးအဆင့်အတန်း | ပညာရေးအဆင့်အကန်း | ဝတ်ဝန်းကျင်ဆိုင်ရာဗဟုသုတ |
| အိမ်ထောင်စုဝင်ငွေနှင့် ကွန်ပျူတာအသုံးပြုနိုင်မှု | အိမ်ထောင်စုဝင်ငွေ | ကွန်ပျူတာအသုံးပြုနိုင်မှု |
| အိမ်ထောင်စုရှိကလေးအရေအတွက်နှင့် ကျောင်းစာမေးပွဲများ၌ အောင်မြင်မှု | အိမ်ထောင်စုရှိ ကလေးအရေအတွက် | ကျောင်းစာမေးပွဲများ၌ အောင်မြင်မှု |
| တစ်တိုယ်ရေသန့်ရှင်းမှုဗဟုသုတနှင့် မြို့ပြ/ကျေးလက်နေထိုင်မှု | မြို့ပြ/ကျေးလက်နေထိုင်မှု | တစ်ကိုယ်ရေသန့်ရှင်းမှုဗဟုသုတ |

# လေ့လာရေးယူနစ်
## (Unit of Analysis)

သုတေသနပြုလျက်ရှိသော ကိန်းရှင်များကို လေ့လာရန်အတွက်အဆိုပါ ကိန်းရှင်များကို တိုင်းတာလေ့လာဖို့ လိုအပ်သည်။ အဆိုပါကိန်းရှင်များကို တိုင်းတာရယူရန် “လေ့လာရေးယူနစ် (Unit of Analysis)ကို ဖော်ထုတ်သတ်မှတ်ရန် လိုသည်။

“လေ့လာရေးယူနစ်” ဆိုသည်မှာ သတင်းအချက်အလတ်တောက်ယူစုဆောင်းခြင်းခံရသော ယူနစ်တစ်ခုခေါ်သည်။

လေ့လာရေးယူနစ်များမှာ သုတေသနသမားများက လေ့လာအကဲခတ်၊ ဖော်ပြည္ဆန်းဆို၊ ရှင်းလင်း တင်ပြသော လူများ (သို့) အရာဝတ္ထုများ ဖြစ်ကြသည်။

ပုံမှန်အားဖြင့် လူမှုရေးသုတေသန၌ လေ့လာရေးယူနစ်များမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်နိုင် သလို၊ လူတစ်စု (သို့မဟုတ်) အဖွဲ့အစည်းတစ်ရပ်ရပ် စသည်တို့လည်း ဖြစ်နိုင်သည်။




# လေ့လာရေးယူနစ်

လက်ဝဲဘက်ပုံတွင် တွေ့ရသကဲ့သို့
လေ့လာရေးယူနစ်တို့သည် အမျိုးမျိုးကွဲပြားနိုင်သည်။

- လူပုဂ္ဂိုလ်များ
- မိသားစုများ
- အိမ်ထောင်စုများ

Illustration from: Introduction to Social Research (5th edition), E. Babbie, Wadsworth, 2011, p.77




အောက်ပါခေါင်းစဉ်တစ်ခုချင်းစီအတွက် လတ်ဝဲဘထိရှိ လေ့ထာရေးယူနစ်များနှင့် ယှဉ်တွဲပြပါ။

တလေးအရေအတွက်နှင့် ကျောင်းစာမေးပွဲများအောင်မြင်မှု

အိမ်ထောင်စုဝင်ငွေနှင့် ကွန်ပျူတာအသုံးပြုနိုင်မှု

ပတ်ဝန်းကျင်ဆိုင်ရာ ဗဟုသုတနှင့် ပညာရေးအဆင့်အတန်း



Units of Analysis
Individuals
Families
Households
ပတ်ဝန်းကျင်ဆိုင်ရာ ဗဟုသုတနှင့်
ပညာရေးအဆင့်အတန်း
ကလေးအရေအတွက်နှင့်
ကျောင်းစာမေးပွဲများအောင်မြင်မှု
အိမ်ထောင်စုဝင်ငွေနှင့်
ကွန်ပျူတာအသုံးပြုနိုင်မှု

# အုပ်စုခွဲများ
# (Categories)

ကိန်းရှင်တစ်လုံးကို တိုင်းတာရခြင်းဆိုသည်မှာ လေ့လာရေးယူနစ်များ ခွဲခြားသတ်မှတ်ရန်အတွက် အုပ်စုခွဲရခြင်းကို ခေါ်သည်။

ထိုသို့ အုပ်စုခွဲရန်အတွက် လိုအပ်ချက်နှစ်ရပ် ရှိသည်။

ပထမအနေဖြင့် အဆိုပါ အုပ်စုခွဲများသည် “ခြုံငုံမိဖို့ရန်” (exhaustive) လိုအပ်သည်။ သုတေသနကွင်းပါဝင်သော အကြောင်းအရာအလုံးစုံကို အုပ်စုသတ်မှတ်နိုင်ရန်အတွက် အုပ်စုခွဲ အရေအတွက်လုံလောက်စွာ ရှိရမည်။

အဆိုပါ အုပ်စုခွဲများသည် ကစ်ခုနှင့်တစ်ခု “သီးသန့်စီ” (mutually exclusive) ဖြစ်ရန်လို သည်။ လေ့လာရေးယူနစ်အသီးသီးသည် အုပ်စုခွဲကစ်ခုအတွင်း၌သာ ကျရောက်သက်ဆိုင်ရမည်။ ဆိုလိုသည်မှာ အုပ်စုခွဲအချင်းချင်း ပြန်ထပ်မှုမျိုး မရှိစေရ။

# ခြုံငုံမိသော အုပ်စုခွဲများ
## (Exhaustive Categories)

ဥပမာတစ်ရပ်အနေဖြင့် မြန်မာနိုင်ငံရှိ နိုင်ငံရေးအရ ထောက်ခံအားပေးမှုများကို လေ့လာရာ၌ - သုတေသနအနေဖြင့်

-၁။ ပြည်ခိုင်ဖြိုးအပေါ်ထောက်ခံမှု
-၂။ NLD အပေါ်ထောက်ခံမှု

ဟု အုပ်စုနှစ်စုသာခွဲပါက အဆိုပါသုတေသနရလာဒ်များအား ကိုးစားနိုင်ဖို့မရှိချေ။

အကယ်၍ သုတေသနအနေဖြင့် -

-၁။ ပြည်ခိုင်ဖြိုးအပေါ်ထောက်ခံအားပေးမှု
-၂။ NLD အပေါ်ထောက်ခံအားပေးမှု
-၃။ NDF အပေါ်ထောက်ခံအားပေးမှု
-၄။ တိုင်းရင်းသားလူမျိုးစုပါတီများအား ထောက်ခံအားပေးမှု
-၅။ မည်သည့်ပါတီကိုမှ ထောက်ခံခြင်းမရှိသော ကြားနေမှု

ဟူ၍ ပိုမိုများပြားသော အုပ်စုများ ခွဲပါက သုတေသနရလာဒ်များကို ယုံကြည်ကိုးစားနိုင်သည်။

# တသီးတသန့်စီရပ်တည်သော အုပ်စုခွဲများ

## (Mutually exclusive Categories)

ဥပမာအနေဖြင့် မြန်မာနိုင်ငံရှိ နိုင်ငံရေးအရ တက်ကြွစိတ်ဝင်စားမှုကို လေ့လာမည်။ “အသက်အရွယ်”သည် အဓိကကိန်းရှင်ဖြစ်ပါက နိုင်ငံရေးအရ ထောက်ခံအားပေးမှုနှင့် အသက်အပိုင်းအခြားတို့၏ ဆက်စပ်ပုံကို လေ့လာရန် အတွက် အောက်ပါအတိုင်း -

၁။ ၂၅နှစ်နှင့် အောက်

၂။ ၂၅နှစ်နှင့် ၆၅နှစ်ကြား

၃။ ၆၅နှစ်နှင့် အထက်

ဟု အုပ်စုခွဲပါက အုပ်စုခွဲများသည် တသီးတသန့်စီဖြစ်ပါရဲ့လား ၊ ။ မဖြစ်ပါ။ အဘယ်ကြောင့်ဆိုသော် ၂၅နှစ် (သို့) ၆၅နှစ်ရှိသော အချို့ပုဂ္ဂိုလ်များအတွက် ရွေးချယ်စရာ အုပ်စုနှစ်ခုစီ ရှိနေသောကြောင့် ဖြစ်သည်။

ခိုင်မာသော  သုတေသနတစ်ရပ်ဖြစ်ရန်အတွက် အုပ်စုခွဲများအနေဖြင့် -

၁။ ၂၅နှစ်နှင့် အောက်

၂။ ၂၆နှစ်မှ ၆၅နှစ်အထိ

၃။ ၆၆နှစ်နှင့် အထက်

ဟူ၍ ဖြစ်သင့်သည်။

# နိဂုံး

အရေအတွက်စံသားနှင့် အရည်အသွေးစံသားသုတေသနနှစ်ရပ်တို့သည် တစ်ခုနှင့်တစ်ခု ပေါင်းစပ်ပြည့်ဝစေသည်။

ဆင်တူ၍ အဓိကကျသော သဘောတရားများကို အသုံးပြု၍ သုတေသန ဒီဇိုင်းကို ယောက်ပံ့ကူညီပေးသည်။ အဆိုပါ ဆင်တူသောသဘောတရားတို့မှာ -

- **ကိန်းရှင် (Variable)။** ။ လေ့လာဆဲသုတေသနခေါင်းစဉ်တစ်ရပ်အတွက် ကိန်းရှင်တစ်ခု သို့မဟုတ် ကိန်းရှင်နှစ်ခုပေါင်းကို လုပ်ငန်းစဉ်အတွင်း လေ့လာတိုင်းထွာသည်။

- **လေ့လာရေးယူနစ် (Unit of Analysis)။** ။ အဆိုပါကိန်းရှင်များကို လေ့လာတိုင်းထွာရန်အတွက် လေ့လာရေးယူနစ်ကို သတ်မှတ်ဖော်ထုတ်ရသည်။ ဤလေ့လာရေးယူနစ်မှတဆင့် သတင်းအချက်အလက်များကောက်ယူကာ ကိန်းရှင်(များ)ကို လေ့လာတိုင်းထွာရန် ဖြစ်သည်။

- **ဂုဏ်အင်္ဂါများနှင့် အုပ်စုခွဲများ (Attributes and Categories) ။** ။ဂုဏ်အင်္ဂါများဆိုသည်မှာ လေ့လာစူးစမ်းလျက်ရှိသော ကိန်းရှင်များနှင့် စပ်ဆိုင်သော ဝိသေသအရည် အသွေးများဖြစ်ကြသည်။ အကယ်၍ ဂုဏ်အင်္ဂါများ မရှိ/မသတ်မှတ်နိုင်ပါက အုပ်စုများခွဲကာ အဆိုပါကိန်းရှင်ကို ယေ့ယာရသည်။

- ကိန်းရှင်တစ်ခုအား ယေ့ယာတိုင်းတာရာ၌ ကျိုးကြောင်းဆီယျော်မှုအား ခိုင်လုံစေရန် အုပ်စုများခွဲ သည်အခါ ခြုံငုံမိစေရန် (exhaustive) နှင့် တသီးတသန့်စီ ကွဲပြားစွာရှိနေရန် (mutually exclusive) တို့ ဖြစ်ရန် အရေးကြီးသည်။

Thank you!

# ဋ္ဓဇေဖွေးနှ်ထဘ္ဌင ဖြဃ္ဌင္ဌဂ ဘ္ဒန်းငါဂ်းဂူလးဂ္ဂါ ဒထထဝခင် းဗခဂ်ါလဲ

- ။နှ်ဗစဒးငဂဘွံဂြဲးဂူဗိဘ္ဒနှ်ဃင္ဌဒဂ္ဂါထ ဂိုးဗခ ဋ္ဓဃဂူဗဓ္ဌထ ငလိဂြဲဋ်ဇေဒထထဝခင်
- ။နှ်ဗ်းဂဒဘ္ဌထဘွံဂြ ဋ္ဓဃ်းဂူဗိဘ္ဒနှ်ဃ္ဌဂ်ဃ္ဌထဂူဂါဋ်းဗိဒ
  းငါဂငါဇေးဘ္ဌငဃြဲဒဇ ဋ္ဂါထဋ္ဂါဂ္ဂါဂဗငလလံဒ „ဋ္ဂါထဋ္ဓဃ္ဂါဂ„ ဘ္ဒဂြ „ဃါဂ္ဂူဂဗိဂ္ဂါဗဋ္ဂါထဂ္ဂါဂ„ „နှ်ဋ္ဂဇေဂ္ဂါထဂ္ဂါဂ„ „ဋ္ဓဃငါဗဇေဂ္ဂါထဂ္ဂါဂ„ (ဃ္ဌဝါဂဋ္ဂ) „ဋ္ဓဃ္ဂါဂ္ဂါဂ„
- ။နှ်ဗ်းဂဒဘ္ဌဃ္ဌဇဃ္ဌဂ းငေးငါဂ်းငထးနှ်ထဘ္ဌင
  /းငါဂ်းငထးဘ္ဌငါဃဒ းငေးဋ္ဂးဋ္ဂဇေဂ္ဂါဂ္ဂလါဂြဲနဲထထဝခင် ငထဒငိဗ်လ်းငဂြဲဃငဂြဲဒ

းငါဇဃ္ဌဂ္ဂါဗိဂ္ဂါဗ်းဘ္ဌဗြဲဗဂြဲဘ္ဌထ

# းဘွဲ့ဥဂ္ဂလါဂြဲနဲထထဝခင် ႟၆

# သုတေသနခေါင်းစဉ်ရွေးချယ်ခြင်း

- များသောအားဖြင့် သုတေသနခေါင်းစဉ်ရွေးချယ်ခြင်းသည် အကြောင်းအခြင်းရာများစွာကို အခြေခံသည်။

- အဆိုပါအကြောင်းအခြင်းရာများတွင် ပုဂ္ဂလိကစိတ်ဝင်စားမှု၊ အတွေ့အကြုံ၊ တန်ဘိုးထားသည့်အရာများနှင့် စိတ်စေတနာပြင်းပြမှုတို့ ပါဝင်တတ်သည်။

- သုတေသီတစ်ဦး၏ စူးစမ်းလေ့လာလိုသော အာသီသကြောင့်သော်လည်းကောင်း၊ ယခင်သုတေသနပြု ချက်ကို အကြောင်းအရာတစ်ရပ်အားပြန်လည် စိစစ်လိုမှုကြောင့်သော်လည်းကောင်း၊ လက်ရှိ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ရေချိန်များအား ဖော်ထုတ်လိုမှုတို့ကြောင့်သော်လည်း ကောင်း သုတေသနလုပ်လေ့ရှိသည်။ ဤတွင် ဆန်းစစ်တွေးခေါ်မှု (Critical Thlnking) မှာ သုတေသန တစ်ရပ်စတင်ရန်အတွက် အရေးပါသည်။

- အလုပ်သဘောဆောင် သုတေသန၌မူ သုတေသနခေါင်းစဉ်ရွေးချယ်ရာတွင် သင်နှင့် သင်၏ အင်(န်)ဂျီအို၊ စီဘီအို၊ ကွန်ယက် လျှပ်ရှားမှုများက မေးခွန်းထုတ်မီးမေင်းထိုးလိုသော ပြဿနာအခက်အခဲများအပေါ် အခြေခံ၍ ရွေးနိုင်သည်။

# သုတေသနမေးခွန်းထုတ်ခြင်း

သုတေသနတစ်ရပ်အတွက် မေးခွန်းထုတ်ရာတွင် အရေးအကြီးဆုံးမှာ မတိကျမရေရာမှုကို အတတ်နိုင်ဆုံးရှောင်ရှား၍ လေ့လာနေသည် အကြောင်းအရာကို ရှင်းလင်းစွာဖော်ပြရန် လိုသည်။

သုတေသနမေးခွန်းသည် ၎င်းလေ့လာမည် “ကိန်းရှင်”ကို ရှင်းလင်းစွာဖော်ပြရမည်။ သုတေသန တွင်ပါဝင်သော အသုံးအနှုန်းများနှင့် သဘောတရားများကိုလည်း ဖွင့်ဆိုရှင်းပြရမည်။

ဥပမာ “လူငယ်များအကြား အလုပ်လက်မဲ့ပြဿနာ”ဆိုသည် သုတေသနခေါင်းစဉ်တစ်ရပ်သည် ပင် အလွန်မသဲမကွဲနိုင်လှသည်။ ကိန်းရှင်နှစ်လုံးဖြစ်သည့် “လူငယ်” (လွတ်လပ်တိန်းရှင်)နှင့် “အလုပ်လတ်မဲ့ဖြစ်မှု” (မှီခိုကိန်းရှင်)တို့အား အဓိပ္ပါယ် တိတိတျတျဖွင့်ဆိုရန် လိုသည်။

မည်သည်အသက်အပိုင်းအခြားကို လူငယ်ဟု ခေါ်မည်နည်း။
မည်သည်နေရာမှ လူငယ်များတို လေ့လာမည်နည်း။

“အလုပ်လတ်မဲ့ဖြစ်မှု” ဆိုသည့် ကိန်းရှင်နှင့် ပတ်သက်၍လည်း - လယ်ယာလုပ်ငန်းခွင်၊ အစိုးရလုပ်ငန်း၊ ကုမ္ပဏီစသည့် လုပ်ငန်းတစ်ရပ်ရပ်တွင် မလုပ်ခြင်းကို ဆိုလိုပါသလား ။။ သို့ကည်းမဟုက် ဝင်ငွေရ လမ်းမရှိသည့် လူအများကိုဆိုလိုခြင်း ဖြစ်ပါသလား။ သို့တည်းမဟုတ် တရားဝင် လုပ်ငန်းတစ်ရပ်ရပ် ထွင် ထုပ်ကိုင်ခြင်း မရှိသူ (ဝါ) ဥပဒေနှင့်ညီသည် ထုပ်ငန်းထစ်ရပ်ရပ် မလုပ်ကိုင်သူကို အလုပ်လက်မဲ့အဖြစ် သတ်မှတ်ပါသလား။
ဤအရာများနှင့် ပတ်သတ်၍ အသေးစိတ်ရှင်းလင်းဖွင့်ဆိုရမည်။

# ကာလအလိုက် သုတေသနပြုလုပ်ပုံ

- သုတေသနပြုလုပ်ပုံကို ကာလအချိန်ပေါ်မူတည်၍ "သုံးမျိုး" ခွဲခြားနိုင်သည်။
- *ဖြန့်ကျက်လေ့လာခြင်း (Cross- sectional study)* တစ်ကြိမ်လျှင် အချက်တစ်ချက်တည်းနှင့်သာ ဆိုင်သော လေ့လာမှုများ ကောက်ယူခြင်း ဖြစ်သည်။ ဖြန့်ကျက်လေ့လာမှုပြုလုပ်ရာတွင် နမူနာ (samples) များများကောက်ယူလေ့ ရှိပြီး ဒေတာအချက်အလက်များကို စာရင်းအင်းဆိုင်ရာစိစစ်လေ့လာမှုပြုလုပ်လေ့ရှိသည်။
- *ကာလအစဉ်အတိုင်းလေ့လာခြင်း (Longitudinal Study)* အချိန်ကာလ ပိုင်းခြား၍ ဒေတာအချက်အလက်များ ကောက်ယူသည်။ အချိန်ကာလရွေ့လျားမှုအလိုက် ဖြစ်ပေါ်သော ပြောင်းလဲမှုများကို လေ့လာနိုင်သည်။
- *ဖြစ်ရပ်လေ့လာခြင်း (Case Study)* ကိစ္စရပ်တစ်ခုခု (လူပုဂ္ဂိုလ်တစ်ဦး၊ အုပ်စုတစ်စု၊ အဖွဲ့အစည်းတစ်ရပ်ရပ်) ကို ၎င်း၏ လူမှုဗေဒ ပုံစံခွက် (social context) အတွင်းထည့်သွင်းလေ့လာခြင်းဖြစ်ပြီး အဆိုပါကာလအပိုင်းအခြားသည် လနှင့်ချီ၍သော်လည်းကောင်း၊ နှစ်နှင့်ချီ၍သော်လည်းကောင်း ကြာမြင့်နိုင်သည်။

# လေ့ကျင့်ရန်အချိန်

လက်ဝဲဘက်တွင် ဖော်ပြပါရှိသော သုတေသနခေါင်းစဉ်များကိုကြည့်၍ မည်သည့်သုတေသနအမျိုးအစားတွင် ပါဝင်ကြောင်း ခွဲခြားဖော်ပြပါ။

- ရန်ကုန်မြို့ လှိုင်မြို့နယ်အတွင်းရှိ နိုင်ငံရေးအရ ထောက်ခံအားပေးမှုကို လေ့လာခြင်း
- ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲလွန်ကာလ ရန်ကုန်မြို့ရှိ နိုင်ငံရေးအရထောက်ခံအားပေးမှုများကို လေ့လာခြင်း
- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုမဲပေးသည့်ကာလမှစကာ၍ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကာလ အထိ ရန်ကုန်မြို့ရှိ ပြည်သူများ၏ နိုင်ငံရေးအရ ကောက်ကြွအားပေးမှု

# လေ့ကျင့်ရန်အချိန်

- ရန်ကုန်မြို့ လှိုင်မြို့နယ်အတွင်းရှိ နိုင်ငံရေးအရ ထောက်ခံအားပေးမှုကို လေ့လာခြင်း

  **Case study**
  **ဖြစ်ရပ်လေ့လာခြင်း**

- ၂၀၁၂ ပြေးရွေးကောက်ပွဲလွန်ကာလ ရန်ကုန်မြို့ရှိ နိုင်ငံရေးအရထောက်ခံအားပေးမှုများကို လေ့လာခြင်း

  **Cross-sectional study**
  **ဖြန့်ကျက်လေ့လာခြင်း**

- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုမဲပေးသည့်ကာလမှစတင်၍ ၂၀၁၂ ပြေးရွေးကောက်ပွဲကာလ အထိ ရန်ကုန်မြို့ရှိ ပြည်သူများ၏ နိုင်ငံရေးအရ တက်ကြွအားပေးမှု

  **Longitudinal study**
  **ကာလအစဉ်အတိုင်းလေ့လာခြင်း**

# အလုပ်သဘောဆောင်လူမှုရေးသုတေသန - လုပ်ငန်းစဉ်




အနီရောင်ဖြင့် ဘောင်ခတ်ထားသည့် လုပ်ငန်းစဉ်အဆင့်များကို ယနေ့လေ့လာကြရမည်။

# သုတေသနလုပ်ငန်းစဉ်

အိုင်ဒီယာနှင့် စိတ်ဝင်စားမှု

# သုတေသနလုပ်ငန်းစဉ်

အိုင်ဒီယာနှင့် စိတ်ဝင်စားမှု

## ဖွင့်ဆိုရှင်းလင်းခြင်း

လေ့လာသုတေသနလုပ်မည့်ကိန်းရှင်များနှင့်
အခြေပြုသဘောတရားအဓိပ္ပါယ် တို့ကို
ဖွင့်ဆိုပြဋ္ဌာန်းပါ။

# သုတေသနလုပ်ငန်းစဉ်

**အိုင်ဒီယာနှင့် စိတ်ဝင်စားမှု**

**ဖွင့်ဆိုရှင်းလင်းခြင်း**

လေ့လာသုတေသနလုပ်မည့်ကိန်းရှင်များနှင့် အခြေပြုသဘောတရားအဓိပ္ပါယ် တို့ကို ဖွင့်ဆိုပြဋ္ဌာန်းပါ။

**အကောင်အထည်ဖော်ခြင်း**

လေ့လာမည့်ကိန်းရှင်အား မည်ကဲ့သို့ တိုင်းတာမည်နည်း။

# သုတေသနလုပ်ငန်းစဉ်

## အိုင်ဒီယာနှင့် စိတ်ဝင်စားမှု

### ဖွင့်ဆိုရှင်းလင်းခြင်း

လေ့လာသုတေသနလုပ်မည့်ကိန်းရှင်များနှင့် အခြေပြုသဘောတရားအဓိပ္ပါယ် တို့ကို ဖွင့်ဆိုပြဌာန်းပါ။

### အကောင်အထည်ဖော်ခြင်း

လေ့လာမည့်ကိန်းရှင်အား မည်ကဲ့သို့ တိုင်းတာမည်နည်း။

### စုစုပေါင်း (လူ)ဦးရေနှင့် နမူနာကောက်ယူခြင်း (Population and Sampling)

မည်သူတို့ကို လေ့လာလိုခြင်းဖြစ်သနည်း။ ထိုရည်ရွယ်ချက်အတွက် မည်သူတို့ကို ရွေးနှုတ်လေ့လာ မည်နည်း။

# သုတေသနလုပ်ငန်းစဉ်



အိုင်ဒီယာနှင့် စိတ်ဝင်စားမှု
ဖွင့်ဆိုရှင်းလင်းခြင်း
လေ့လာသုတေသနလုပ်မည့်ကိန်းရှင်များနှင့် အခြေပြုသဘောတရားအဓိပ္ပါယ် တို့ကို ဖွင့်ဆိုပြဋ္ဌာန်းပါ။
အကောင်အထည်ဖော်ခြင်း
လေ့လာမည့်ကိန်းရှင်အား မည်ကဲ့သို့ တိုင်းတာမည်နည်း။
သုတေသနနည်းလမ်းရွေးချယ်မှု
ဆာဗေးသုတေသန (Survey research)
ကွင်းဆင်းသုတေသန (Field research)
ဖြစ်ရပ်လေ့လာမှု (Case study)
သီးသန့်အုပ်စုဖွဲ့ဆွေးနွေးခြင်း (Focus group discussion)
အရည်အသွေးစံထားအင်တာဗျူး (Qualitative interview)
အကဲဖြတ်သုတေသန (Evaluation research)
စုစုပေါင်း (လူ)ဦးရေနှင့် နမူနာကောက်ယူခြင်း
- အင်တာဗျူးသမားကောင်းဖြစ်ရန်အတွက် - အင်တာဗျူးအတွက် ကနဦးချဉ်းကပ်ပုံ၊ အင်တာဗျူးများကို ပညာရှင် ဆန်ဆန်မေးမြန်းပုံ၊ အဖြေများဘက်လိုက်မှုများယွင်းမှု မရှိစေရန်အတွက် ရှောင်ကြဉ်သင့်သည့် အရာများ - စသည်တို့ကို သိထားသင့်သည်။ သင်တန်းပေးရာတွင်လည်း အင်တာဗျူးမေးရာတွင် ကြုံတွေ့နိုင်သော အခြေအနေ အမျိုးမျိုးနှင့် အသားကျစေရန် အင်တာဗျူးများများ လက်တွေ့လေ့ကျင့်ပေးရန် လိုသည်။

- ဆာဗေး၏ သဘောတရားများ၊ အဓိပ္ပါယ်ရှင်းလင်းချက်များ၊ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လိုအပ်ပါက ဆာဗေးအင်တာဗျူးပြုလုပ်သူကို ဖြေဆိုသူနှင့် အတူတကွ အချိန်ပေးစေခိုင်းသင့်သည်။

# ဆာဗေးအင်တာဗျူးပြင်ဆင်ပုံ

- ဆာဗေးနှင့် ပတ်သက်သော ပစ္စည်းပစ္စယများကို ကြိုတင်ပြင်ဆင်ထားပြီး အင်တာဗျူးမေးမည့်သူအားလုံးကို ဆာဗေးအင်တာဗျူးမတိုင်မီ ပေးအပ်ထားရမည်။ ဆာဗေးမေးခွန်းလွှာနှင့်သော ပြဿရပ်များကို ရှင်းလင်းနိုင်ရန်အတွက် အင်တာဗျူးသမား များအား ဆာဗေးမေးခွန်းလွှာနှင့်  မိတ်ဆက်ပေးသည့်အချိန် တစ်ချိန်ယူနိုင်ပါက ပိုကောင်းသည်။

- ဆာဗေးလုပ်မည့်အဖွဲ့အစည်းများသည် ဖြေဆိုမည့်နမူနာလူစုထံသို့ လူတွေ့အင်တာဗျူးမတိုင်မီ ကြိုတင်စာတစ်စောင်ပေးပို့ပြီး ဆာဗေးရည်ရွယ်ချက်နှင့် ပတ်သက်၍ရှင်းပြကာ အင်တာဗျူးသမားလာမည့်အကြောင်းကိုလည်း အကြောင်းကြားလေ့ရှိသည်။ ဤကိစ္စမျိုးသည် ဆာဗေးအင်တာဗျူးများ မကြာခဏ အမေးခံရသည့် နိုင်ငံများ၌ လုပ်လေ့ရှိကြပြီး ယခုအချိန်အထိမူ မြန်မာနိုင်ငံ၌ ဤမျှလောက်ကိစ္စမရှိသေးပေ။

- ဖြေဆိုမည့်သူထံ သွားရောက်ရန် အချိန်စာရင်းရေးဆွဲရာ၌လည်း တစ်နေ့တာအတွက် အကောင်းဆုံးဖြစ်မည့် အချိန်နှင့် ၎င်းအားလပ်မည့်အချိန်တို့ကို ထည့်သွင်းစဉ်းစား၍ ရေးဆွဲသင့်သည်။

# ဆာဗေးအင်တာဗျူးပြုလုပ်ပုံ

ကွင်းဆင်းသုတေသနသမားသည် ဖြေဆိုမည့်သူနှင့် တွေ့ဆုံခြင်း၊
မေးခွန်းလွှာများအား ကြိုးကြပ်ခြင်း၊ ဒေတာအချက်အလက်မှတ်တမ်းရယူခြင်း၊
ဖြည့်ပြီးသားဖောင်ပုံစံများကို ဖြည့်ဆည်း၍ ဆက်လက်လုပ်ဆောင်ရန်ပေးပို့ခြင်း

# လက်တွေ့ကွင်းဆင်းဒေတာအချက်အလက်များ ကောက်ယူခြင်း





တစ်ဦးချင်းတွေ့ အင်တာဗျူး

# အင်တာဗျူးမေးမည့်သူ၏ တာဝန်ဝတ္တရားများ

- မိတ်ဆက်ခြင်း
- မေးခွန်းများမေးခြင်း
  - ပုံစံကျ (သို့) တစ်ပိုင်းပုံစံကျမေးခွန်းလွှာ
  - အလွတ်သဘောမေးခွန်းလွှာ
- ဖြေဆိုသူများနှင့် ယုံကြည်မှုတည်ဆောက်ခြင်း
- ဖြေဆိုသူများနှင့် အကြည့်ချင်းဆက်သွယ်ခြင်း
- စကားအသွားအလာအား ထိန်းကြောင်းပေးခြင်း
- ဖြေဆိုသူ၏ စကားလုံးများ အပေါ် အာရုံစိုက်ခြင်း

# အင်တာဗျူးမေးမည့်သူ၏ တာဝန်ဝတ္တရားများ

- -----/ ရှေ့စာမျက်နှာမှအဆက်

- ❑ အချက်အလက်နှင့် အဖြေများကို စစ်ဆေးပါ။
- ❑ ဖြေဆိုသူ၏ အဖြေအပေါ်စဉ်းစားစိစစ်ပါ။
- ❑ အဖြေများသည် ကျိုးကြောင်းဆီလျော်မှုရှိစေရန်နှင့် ပိုမိုသေချာစေရန် လိုအပ်ပါက အချို့မေးခွန်းများကို ပြန်မေးပါ။
- ❑ စာရွက်စာတမ်းအထောက်အထားအချို့ကို ယူဆောင်သွားပါ။
    - ဓါတ်ပုံ
    - စာတမ်း (သို့) အစီရင်ခံစာ
    - လက်ကမ်းစာစောင်ငယ်
    - လိပ်စာကဒ်ပြားများ

# အင်တာဗျူးမေးမည့်သူ၏ တာဝန်ဝတ္တရားများ

- ဆာဗေးအင်တာဗျူးနှင့် ပတ်သတ်၍ အရေးကြီးသော အချက်တစ်ချက်မှာ-

- အင်တာဗျူးမစတင်မီ ဆာဗေးအင်တာဗျူး၏ ရည်ရွယ်ချက်နှင့် ပတ်သတ်၍ ဖြေဆိုမည့်သူများအား ရှင်းလင်းမိတ်ဆက်အပြီး၊ အင်တာဗျူးအား မဖြေဆိုလိုပါက ငြင်းဆိုနိုင်ကြောင်းနှင့် ဖြေဆိုစဉ် အတောအတွင်း အကြောင်းပြချက်တစ်စုံတစ်ရာပေးရန် မလိုအပ်ဘဲ ရပ်နားနိုင်ကြောင်း၊ ထိုသို့ငြင်းဆိုမှု၊ ရပ်စဲမှုတို့သည် အတျိုးတစ်စုံတစ်ရာသက်ရောက်မည်မထုတ်ကြောင်းကို ဖြေဆိုမည့်သူများအား အသိပေးအကြောင်းကြားရမည်။

# ဆာပေးမေးခွန်းများမေးမြန်းပုံ

- အင်တာဗျူးကြာချိန်နှင့် ပတ်သက်၍ ဖြေဆိုမည့်သူများအား မှားယွင်းဖော်ပြမှုမပြုရန်
- တစ်စုံတစ်ရာ ညွှန်ကြားထားခြင်းမထုက်ပါက သုတေသနအလုပ်အပ်သူအကြောင်းကို ဖော်ပြခြင်းမပြုရန်
- မေးခွန်းလွှာနှင့် ပတ်သက်၍ သေချာစွာလေ့လာထားပြီး ရင်းနှီးကျွမ်းဝင်စေရန်
- မေးခွန်းလွှာတွင်ပါသည့် အစီအစဉ်အတိုင်း မေးခွန်းများ မေးသွားရန်
- မေးခွန်းလွှာတွင်ပါသည့် စကားလုံးအသုံးအနှုန်းများအတိုင်း အတိအကျ အသုံးပြုရန်
- မေးခွန်းတစ်ခုစီကို ရှင်းရှင်းလင်းလင်းနှင့် တဖြေးဖြေးချင်းဖတ်ပြရန်
- နားမလည်သည့်မေးခွန်းများကို ပြန်ဖတ်ပြရန်
- မေးနိုင်သည့် မေးခွန်းမှန်သမျှကို မေးသွားရန်

# ဆာဗေးမေးခွန်းများအတွက် အဖြေများ မှတ်တမ်းယူပုံ

ပုံစံကျမေးခွန်းများ (structured questions) နှင့် ပတ်သက်သော အဖြေများကို မှတ်တမ်းယူရာတွင် မေးခွန်းလွှာတစ်ခုချင်းစီအလိုက် ကွဲပြားမှုရှိနိုင်သည်။ ယေဘုယျအနေဖြင့်မူ ဖြေဆိုသူ၏ အဖြေနှင့် သက်ဆိုင် သည့် အမှတ်အသားပြုရန်နေရာတွင် အမှတ်အသားပြုလုပ်ပေးရန် ဖြစ်သည်။

အလွတ်သဘောမေးခွန်းများ (unstructured questions) နှင့် ပတ်သက်၍ မှတ်တမ်းယူရန် ယေဘုယျ စည်းမျဉ်းအနေဖြင့်မူ အဖြေများကို သုံးရင်း စကားအစေ့အစုံအတိုင်း လုံးစေ့ပတ်စေ့ မှတ်တမ်းတင်ရန်ဖြစ်သည်။

## သီးခြားလမ်းညွှန်ချက်

- ပြေဆိုမှုကို အင်တာဗျူးပြုလုပ်စဉ် အတောအတွင်း မှတ်တမ်းတင်ပါ။
- ဖြေဆိုသူ၏ မူရင်းစကားလုံး အသုံးအနှုန်းအတိုင်း သုံးစွဲပါ။
- ဖြေဆိုသူ၏ အဖြေများကို အနှစ်ချုပ်ခြင်း၊ လိုရင်းရေးခြင်း တို့ မပြုလုပ်ရ။
- မေးခွန်းလွှာ၏ ရည်ရွယ်ချက်များနှင့် စပ်ဆိုင်သော အရာမှန်သမျှကို မှတ်တမ်းတင်ပါ။
- ထပ်မံ၍ အသေးစိတ်ပြောဆိုသော အကြောင်းရာများနှင့် ထုတ်ဖော်ပြောဆိုသည့် ထင်မြင်ချက်များကိုလည်း မှတ်တမ်းတင်ပါ။
- အဖြေကို ချရေးစဉ် အတောအတွင်း နှုတ်မှလည်း ပြန်လည်ရွတ်ဆိုပါ။

# ဆာဗေးအင်တာဗျူးအဆုံးသတ်ပုံ

လိုအပ်သော သတင်းအချက်အလက်များ မရရှိမီ အင်တာဗျူးအား အဆုံးမသတ်စေသင့်ပေ။

မေးရမည့် မေးခွန်းများအားလုံး မေးပြီးသွားသည့်နောက် ဖြေဆိုသူဘက်မှ ၎င်း၏ဆန္ဒအလျောက် ထုတ်ဖော်ပြောဆိုသည့် ထင်မြင်ယူဆချက်ကိုလည်း ထည့်၍ မှတ်တမ်းယူသင့်သည်။

ဖြေဆိုသူဘက်မှ ပရောဂျက်နှင့် ပတ်သက်၍ မေးမြန်းလာသမျှကိုလည်း အင်တာဗျူးမေးသည့်သူမှ ပြန်လည်ဖြေကြားသင့်သည်။

ဖြေဆိုသည့်သူသည် အင်တာဗျူး နှင့် ပတ်သက်၍ အကောင်းမြင်ကျန်ရစ်ရန် လိုအပ်သည်။

ထို့အတွက် ဖြေဆိုသူအား ကျေးဇူးတင်ကြောင်း ဖော်ပြဖို့ရန်လည်း အရေးကြီးသည်။

လက်တွေ့ကွင်းဆင်း၍ ဒေတာကောက်ယူရခြင်းမှာ တစ်ခါတစ်ရံ ခဲယဉ်းသော
စွန့်စားခန်းများလည်း ပါဝင်သည်။











# ဆာဗေးသုတေသန။ ။ အနှစ်ချုပ်နှင့် နိဂုံး

| | |
|---|---|
| စနစ်ကျနခြင်း | ▪ မည်သည့်နမူနာလူစုတံမှ မည်သည်အကြောင်းရာများကို လေ့လာမည်ဖြစ်ကြောင်း ဆာဗေးကောက် မည့်အဖွဲ့အစည်းမှ ဆုံးဖြတ်ရွေးချယ်သည်။ |
| မေးခွန်းလွှာဒီဇိုင်း | ▪ ဆာဗေး၏ ပန်းတိုင်ရည်ရွယ်ချက်အပေါ် အခြေခံ၍ ဆာဗေးဖြေဆိုမည့်သူများအတွက် မေးခွန်းများကို ထုတ်၍ အစီအစဉ်တကျ နေရာချကာ ဆာဗေးမေးခွန်းလွှာကို ပြင်ဆင်ရသည်။ |
| နမူနာကောက်ယူခြင်း | ▪ ဆာဗေး၏ ရည်ရွယ်ချက်ပန်းထိုင်များကို ပြည့်မှီရန်အတွက် နမူနာလူစုကို ကျပန်းရွေးချယ်ကောက်ယူနိုင်ရန် အစီအမံများ ပြုလုပ်ရသည်။ တို့နောက် နမူနာရွေးချယ်ကောက်ယူသည်။ |
| ဒေတာကောက်ယူခြင်း | ▪ ဖြေဆိုမည့်နမူနာလူစုထံ ဆက်သွယ်ရေးကို စီမံဆောင်ရွက်ပြီးသကာလ အဆိုပါ လူစုတံမှ သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရသည်။ |
| ဒေတာအချက်အလက်များပြုစုခြင်း | ▪ စုဆောင်းရရှိသော ဒေတာများကို ကွန်ပျူတာအတွင်းသွင်းပြီး တိကျသေချာမှုအတွက် စစ်ဆေးဆောင်ရွက်ရသည်။ |
| စိစစ်စစ်ဆေးခြင်း | ▪ ဆာဗေးရလာဒ်များကို စုဆောင်းစီစဉ်ပြီး ဖြန့်ချိပွားများသည်။ |

Thank you!

# ၉။ အရည်အသွေးစံထား တွေ့ဆုံမေးမြန်းမှု

# (Qualitative Interview)

*တင်ပြခြင်း၏ရည်ရွယ်ချက်*

- *လူမှုရေးသုတေသီများအသုံးပြုသော အရည်အသွေးစံထား တွေ့ဆုံမေးမြန်းမှု* (Qualitative Interview) *အမျိုးအစားကို နားလည်စေရန်*
- (Qualitative Interview) *အမျိုးမျိုးကို အသုံးပြုရာ၌ လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများ (အမျိုးမျိုး)ကို မိတ်ဆက်ရန်*
- *အခြားသောသုတေသနနည်းများနှင့်* (Qualitative Interview) *ကိုပေါင်းစပ်အသုံးပြုနိုင်ရန်။*

# (Qualitative Interview) ကိုအနက်ဖွင့်ခြင်း

- (Qualitative Interview) ဆိုသည်မှာ မေးသူနှင့်ဖြေသူတို့နှစ်ဦးကြား အပြန်အလှန်ပြောဆို ဆွေးနွေးခြင်းကို ခေါ်ပါသည်။ မေးမြန်းမှုမစတင်မီကပင်၊ မေးမြန်းမည်သူက မေးမြန်းမည်အကြောင်းအရာကို (လေ့လာလျှက်ရှိသောခေါင်းစဉ်) အစီအစဉ်ချမှတ်ထားရမည်။

- မေးမြန်းသူသည် သေသေချာချာစီစဉ်ထားသော မေးခွန်းစုများကိုပဲ အားကိုး၍မေးမြန်းခြင်းပြုရ။

- မေးမြန်းသူသည်ယေဘုယျသဘောဆန်သော မေးခွန်းဖြင့်အစပြုပြီး လိုအပ်သောအသေးစိတ်မေးမြန်းမှုကို ဖြေကြားချက်အပေါ်မူတည်၍ ဆွေးနွေးဟန်ဖြင့်ဆက်လက်မေးမြန်းရမည်။ ဖြေကြားသူမှ ၎င်း၏တင်ပြချက်အတိုင်း(အကြောင်းအရာကို) အကျယ်တဝင့်ပိုမိုဆွေးနွေးရမည်။

- ထို့ကြောင့် (Qualitative Interview)သည် ကြိုတင်အစီအစဉ်ချထားသော မေးခွန်းများအသုံးပြုသော စစ်တမ်းကောက်ယူခြင်းနှင့်ခြားနားသည်။

# Qualitative Interview ၏အားသာချက်များ

- ဤနည်းကို ရှုပ်ထွေးသော အခြေအနေတွင် အသုံးပြုရန် သင့်တော်သည်။ ဖြေဆိုသူအနေဖြင့် အကဲဆတ်သည့် မေးခွန်းများကို ဖြေဆိုနိုင်ရန် ပြင်ဆင်နိုင်သောကြောင့် ဖြစ်သည်။ ဖြေဆိုသူတိုင်းကို ရှုတ်ထွေးပွေလီသောအခြေအနေရပ်များကို လူကိုယ်တိုင်ရှင်းပြနိုင်ပါသည်။

- ဤနည်းအားဖြင့် အသေးစိတ် (in-depth) သတင်းအချက်အလက်များကိုရရှိနိုင်ပါ သည်။

- ဖြေဆိုသူအနေဖြင့် မေးခွန်းကို မှားယွင်းစွာ နားလည်နိုင်သည်။ ထိုအခါ မေးမြန်းသူအနေဖြင့် မေးခွန်းကို ယပ်မံမေးမြန်းခြင်း သို့မဟုတ် ဖြေဆိုသူ နားလည်နိုင်မည့် မေးခွန်းပုံစံသို့ ပြောင်းလဲ မေးခွန်းထုတ်နိုင်သည်။

- မေးမြန်းခြင်းကိုကျယ်ကျယ်ပြန့်ပြန့်အသုံးချ၍ရသည်။ လူဦးရေအမျိုးအစားအားလုံးနည်းပါးကို မေးမြန်းရန်အသုံးပြုနိုင်သည်။ ဥပမာ- ကလေး၊ မသန်မစွမ်း၊ စာမတတ်မြောက်သူနှင့်လူကြီးများ ဤနည်းသည် တောရွာဒေသများနှင့် အထူးသဖြင့်သင့်လျှော်သည်။ ကျေးရွာရှိအချို့လူများသည် မေးခွန်းထုတ်လွှာကို ဖတ်ရာတွင် အခက်အခဲရှိနိုင်သောကြောင့်ဖြစ်သည်။

# အမျိုးအစား (Qualitative Interview)

- အလွတ်သဘောမေးခွန်း (unstructured) မှ တပိုင်းပုံစံကျ (semi-structured) မေးခွန်းဟူ၍ နှစ်မျိုးရှိနိုင်သည်။

- တပိုင်းပုံစံကျ (semi-structured) မေးခွန်းသည် ကြိုတင်ပြင်ဆင်ထားသော မေးခွန်းအမျိုးအစားဖြစ်ပြီး သင့်တော်သလိုပြောင်းလဲ၍ရသည်။

- အလွတ်သဘော (unstructured) မေးခွန်းသည် မေးခွန်းအပေါ် အခြေမခံဘဲ သိရှိလိုသည့် အချက်အလက်ကိုသာ အခြေခံ၍မေးမြန်းခြင်း ဖြစ်သည်။ ဤ ပုံစံကို အတွေ့အကြုံရှိပြီးသား အင်တာဗျူးသမားများ ပိုမိုအသုံးပြုလေ့ ရှိသည်။

- သုတေသီ၏ မေးခွန်းကို ဖြေဆိုသူအား အချက်အလက် သတင်းပေးသူ (informant) ဟု ခေါ်ပါသည်။) အဓိကသတင်းပေးသူ (key informant) ဟုလည်းဆိုလိုနိုင်ပါသည်။ ထိုသူများသည် (ဖြေဆိုသည့်) အကြောင်းအရာကို နှံ့နှံ့စပ်စပ်သိကာ ပြောပြနိုင်သူများလည်း ဖြစ်ပါသည်။

- Informant (ဖြေဆိုသူ) ဆိုတာ respondent (အချက်အလက်သတင်းပေးသူ ဆိုသည့်မှာ) နှင့် မတူပါ။ Respondent ဆိုသူသည် လေ့လာလျက်ရှိသော ဘာသာရပ်ခေါင်းစဉ်နှင့် ပတ်သက်ပြီးထူးခြားသိသောအသိမရှိပါ။

# Qualitative Interviews များလုပ်ဆောင်မှု (ရာတွင်)လုပ်ထုံးလုပ်နည်းများ

အခြေခံအဆင့်ဖြင့်ကို qualitative interviews လုပ်ဆောင်ရန်အတွက် ဖော်ပြထားပါသည်။

-ရည်ရွယ်ချက်ကို ဖွင့်ဆိုခြင်း - interviews ပြုလုပ်မည်ရည်ရွယ်ချက်ကိုရှင်းရှင်းလင်းလင်းဖြစ်စေပါ။ ထို့အတူ ရှာဖွေမည်အတွေးအယူအဆ(အကြောင်းအရာ)ကိုလည်း ရှင်းလင်းဖြစ်စေပါ။

-ပုံစံချခြင်း -ရှာဖွေမည်ရည်မှန်းချက်အစီအတွဲကိုခင်းကျင်းပါ။ ထို့နောက်ရည်ရွယ်ချက်တခုမှတခုသို့ ပြောင်းလဲမှုကိုလဲ ပြုလုပ်ပါ။ ပြောင်းလဲမှုတခုမှတခုသည် ချောမွေ့ပြီးအကျိုးသင့်ကြောင်းသင့်ဖြစ်ပါစေ။

-မေးမြန်းခြင်း - မေးမြန်းခြင်းပြုပါ။ (အသံသွင်းမှတ်တမ်းပြုပါ)

-ကူးယူရေးမှတ်ခြင်း - မေးမြန်းသူနှင့်တုန့်ပြန်ဖြေဆိုသူတို့၏ အမေး/အဖြေကို မှုရင်းစာပိုဒ်အနေဖြင့် ရေးသားပါ။

-ခွဲခြမ်းစိတ်ဖြာခြင်း - မေးမြန်းခြင်းရည်ရွယ်ချက်နှင့်အညီ စုဆောင်းရရှိသောအသေးစိတ်အချက်များ၏ အဓိပ္ပါယ်ကိုသတ်မှတ်ပါ (ဖွင့်ဆိုပါ)။

-အစီရင်ခံခြင်း - မည်သည့်အရာများကိုလေ့လာရရှိကြောင်း (သော အကြောင်းအရာများ) အခြားသူများအားပြောပြပါ။(ဝေငှပါ)

-

# အသိပေးခွင့်ပြုချက်

- အသိပေးခွင့်ပြုချက်ဆိုကာဘာလဲ။ သည်မှာ မေးမြန်းသူနှင့် ဖြေဆိုသူတို့နှစ်ဦး သဘောတူညီချက်စာချုပ်တစ်ခု ဖြစ်သည်။ မေးမြန်းခြင်းမှရရှိလာသော အချက်အလက်များကို ကရားဝင်အသုံးပြုနိုင်ကြောင်း ဖြေဆိုသူမှ ပေးသောခွင့်ပြုချက် အထောက်အထားကစ်ဖြစ်သည်။

- Interview မစမီ အသိပေးခွင့်ပြုချက် (informed consent) ကိုတောင်းခံခြင်းသည် qualitative interview အသုံးပြုမည်သုတေသီများ လိုက်နာဆောင်ရွက်ရသော စည်းကမ်းချက် ကခုဖြစ်သည်။ ရာတွင် သုတေသနပြုလုပ်မည် အကြောင်းအရာကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြထားရမည် ဖြစ်သည်။

- အသိပေးခွင့်ပြုချက်ရယူခြင်းတို အနောက်ကမ္ဘာနိုင်ငံများ၌ကျင့်သုံးကြသည်။ သို့သော်မြန်မာပြည်ကဲ့သို့နိုင်ငံမျိုး၌ ကျင့်သုံးရန်ခက်ခဲလှသည်။

- မြန်မာလူမှုပက်ဝန်းကျင်၌ စာချုပ်စာကမ်းများအပေါ်လက်မှက်ထိုးခြင်းသည် လုပ်ခဲလှသောအစဉ်အလာ တရပ်ဖြစ်သည်။ ထိုသို့လုပ်ခဲ့မိလျှင် မိမိ၏စိက်ကိုအနှောက်အယှက်အရမ်းဖြစ်စေပြီး အနာဂတ်အတွတ် စိုးရိမ်ရသည်။ ထို့ကြောင့် နှုက်ကကိသာရယူပြီး မေးမြန်းမှုကိုပြုလုပ်ကြသည်။

- အသိပေးခွင့်ပြုချက်ရယူမှုသည် နိုင်ငံကကာစံချိန်စံညွှန်းကရပ်ဖြစ်သည်။ ယခုအခါမြန်မာပြည်၏ ဖြောင်းလဲမှုနှင့်အကူ နိုင်ငံကကာစံချိန်စံညွှန်းနှင့်အညီ လုပ်ဆောင်နေလျှက်ရှိသည်။ မြန်မာပြည်ရှိအချို့ သောသုတေသနစီမံကိန်းများ၌ (informed consent) ကိုအသုံးပြုနေကြပြီးဖြစ်သည်။

# Informed Consent Form Template

ဖြေဆိုသူအမည်
ဖြေဆိုသူနေရပ်လိပ်စာ

ရက်--------လ---------ခုနှစ်တွင် တွေ့ဆုံမေးမြန်းမှု၌ ကျွန်ုပ်မေးလိုက်သော သတင်းအချက် အလက်များ ကို----------(အဖွဲ့အစည်းအမည်) သို့အသုံးပြုရန်သဘောတူပါသည်။

ထိုအဖွဲ့အစည်းကထုတ်ဝေဖြန့်ချိခြင်း (အစိတ်အပိုင်းဖြစ်စေ၊ အချက်အားလုံးဖြစ်စေ) ကိုသဘော တူပါသည်။

အသံသွင်းခွေနှင့်အချက်အလက်များကအောက်ပါကန့်သတ်ချက်များထားရှိပြီး၊ထိုကန့်သတ်ချက်ကို
လိုက်နာရန်အလို့ရှိပါသည်။ (ကန့်သတ်ချက်မရှိလျှင်ရေးရန်မလိုပါ)

-

-

-

ဖြေဆိုသူလက်မှတ် ရက်စွဲ

# Qualitative interviews
# ကိုမည်ကဲ့သို့ပြင်ဆင်ရမည်နည်း။

- အချို့သောကိစ္စရပ်များတွင် မေးမြန်းခြင်း၌ မျှော်လင့်ထားသောအတိုင်းအတာနှင့် သုတေသနခေါင်းစဉ် ၏ sensitivity တို့ကြောင့်၊ ဗဖြေဆိုမည့်သူ၏ကျား/မ လိင်အရ မေးမြန်းသူသည်လည်း မျိုးတူလိင်မေးမြန်းသူ ဖြစ်တပိုမိုတောင်းမွန်ပါသည်။

- လူမျိုးရေးတိစ္စနှင့်ပတ်သတ်သောအကြောင်းတို ဖေါ်ညွှန်းသောသုတေသနစီမံတိန်း၌ တရံတရံ (စသည်း စနစ်တတျမထုတ်ပါ) ဖြေဆိုသူနှင့်လူမျိုးတူသူက မေးမြန်းခြင်းသည်ကောင်းသောရွေးခြယ်မှုတခုဖြစ်သည်။

- မည်သို့ပင်ဖြစ်စေ၊ ယေဘုယျစကားလုံးအရ သုတေသနခေါင်းစဉ်သည် sensitive ဖြစ်စေသောခေါင်းစဉ် လည်းမထုတ်၊ လူမျိုးရေးတိုဗဟိုပြုသော မေးခွန်းလည်းမထုတ်ပါတ မေးမြန်းသူ၏နောတ်ခံအခြေအနေ သည် အရေးတယူထည့်သွင်းစဉ်းစားရန်မလိုပါ။

- အားလုံးသောတိစ္စရပ်များ၌ မည်သို့ဆိုစေမေးမြန်းသူ၏လူမျိုးနှင့်လိင်ပိုင်းဆိုင်ရာ အခြေအနေတိုမေးခွန်းထုတ်ရန် လိင်အမျိုးအစား qualitative interview မပြုမှီ ကြိုတင်စဉ်းစားရန် လိုအပ်ပေသည်။

# Qualitative Interviews
# ကိုမည်ကဲ့သို့ပြင်ဆင်ရမည်နည်း။

- အကယ်၍ သုတေသနစီမံကိန်း၌ မေးမြန်းသူအရေအတွက်တစ်ယောက်ထက်ပိုပြီးဝါဝင်ဆောင်ရွက်ခဲ့သော်၊ အားလုံးသော မေးမြန်းသူများသည် သုတေသနခေါင်းစဉ်အပေါ်စိတ်ဝင်စားမှု အမှန်တကယ်ရှိကြောင်း သေချာစေရန် အရေးကြီးသည့်နည်းကူ၊ ဖေါ်ထုတ်စစ်ဆေးမည့်အကြောင်းအရာကိုလည်း သိနားလည်စေရန်လိုအဝ် ပါသည်။

- အချို့သောကိစ္စရပ်များသည် နည်းပညာဆန်သောကြောင့်၊ မေးမြန်းသူသည် အကြောင်းအရာနှင့် ပတ်သက်သောနည်းပညာအသိအချို့ရှိရန်အရေးကြီးပါသည်။

- အရေးအကြီးဆုံးအချက်မှာ မေးမြန်းသူသည်ဖြေဆိုသူ/တုန့်ပြန်သူထက် ပိုမိုသိကျွမ်းနားလည်သောခံစားချက်ကိုမထားရန်အရေးကြီးပါသည်။ ဖြေဆိုသူများမှမေးမြန်းသူသည် မိမိထက်ပိုသိပိုတတ်ကြောင်းမခံစားမိစေရန်ဖေါ်ပြခြင်းမပြုရ။

# Qualitative Interviews
# အတွက်မည်ကဲ့သို့ပြင်ဆင်ရမည်နည်း။

- Qualitative Interviews သည် မေးမြန်းသူနှင့်ဖြေဆိုသူတို့အကြား စကားပြောဆိုမှုကခုဖြစ်သည်နှင့်အညီ မေးခွန်းစုများကိုအခြေပြုသော ကသမတ်ကည်းမေးမြန်းမှုကိုအခြေမပြုရ။

- Qualitative interviews တွင် (နောက်ဆက်ဖြည်စွက်မေးခွန်းများ) မေးခွန်းများသည် အစပိုင်း၌ဖော်ပြထား သောသီးခြားကိစ္စရပ်များအပေါ် ထင်မြင်ချက်များကို ဖြေဆိုသူမှပိုမိုကင်ပြနိုင်ရန် ဖိက်ခေါ်သောမေးခွန်း ဖြစ်ရန်အလွန်ပင်အရေးကြီးပါသည်။

- Qualitative interviews များအစဥ် မေးမြန်းသူများသိထားရန်အရေးကြီးသောအရာမှာ ဖြေဆိုသူများ၏ နောက်ဆက်ကွဲအမြင်နှင့် ခံစားချက်များကို ပိုမိုရှင်းလင်း ပြောဆိုနိုင်စေရန် ကွန်းအားပေးနိုင်ကြောင်း သိရှိထားရန် ဖြစ်သည်။

- Qualitative interviews များ၏အဓိကလုပ်ဆောင်ချက်မှာ ဖြေဆိုသူ၏ပြောပြချက်များကို နားထောင်ရမည် ဆိုသော်ငြား၊ မေးမြန်းသူမှ (အချို့အခြေအနေများ၌) ဖြေဆိုသူများအား ၄င်းကို့နှင့်ပက်သက်သောအချက် များကိုပိုမိုဖွင်ဟပြောဆိုနိုင်ရန် ဦးဆောင်ခြင်း၊ ဖိက်ခေါ်ခြင်းများပြုလုပ်ရပါမည်။

# Qualitative Interview ထုတ်နုတ်ချက် အရေးကြီးသိမှတ်ဖွယ်ရာများ

Qualitative interviews တွင်အောက်ပါဖော်ပြထားသော အချက်များပေါ်မူတည်၍ ဖြေဆိုသူများ ၎င်းတို့၏အကြောင်းကိုပိုမိုဖော်ပြနိုင်ရန် ဖိတ်ခေါ်ခြင်းများပြုလုပ်လိမ့်မည်။

- တန်ဖိုးထားမှုများ (Values)
- အမြင်အယူအဆများ (Perceptions)
- အတွေ့အကြုံများ (Experiences)
- ဦးစားပေးမှုများ (Priorities)

ဖော်ပြပါအချက်၄ချက် အပေါ်မူတည်၍ ဖြေဆိုသူများ၏ဖော်ပြချက်တို ရယူရန်ဖြစ်သည် ၎င်းတို့နှင့်ပတ်သတ်၍အောက်ပါမေးခွန်းများ မေးမြန်းနိုင်ပါသည်။

- ဘယ်လိုဖြစ်တာလဲ။ ဘာကြောင့်ဖြစ်တယ်လို့ထင်ပါသလဲ။
- ဘယ်လိုခံစားရသလဲ။
- သင့်တိုထိခိုက်စေသလား။ တိုက်ရိုက်သတ်ဆိုင်ပါသလား။
- ဘယ်လိုများဆုံးဖြတ်ခဲ့လဲ။ ဘာကြောင့်ဒီလိုဆုံးဖြတ်ရတာလဲ။

# ဥပမာ

- အထက်ပါအချက်လေးချက်ကို အခြေခံပြီး နမူနာမေးခွန်းတခုအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူ (internally displaced person, IDP) တို့၏ဘဝအခြေအနေကို မေးခွန်းပြုထားပါသည်။

- ဤမေးခွန်းများသည် နမူနာမေးခွန်းများသာဖြစ်ပါသည်။ လက်တွေ့အခြေအနေ၌ အချိန်များစွာယူပြီးပြင်ဆင်ရပါသည်။ တချို့အခြေအနေများသည် အလွန်ခက်ခဲပြီး ပြဿနာများရှုပ်ထွေးသောကြောင့်ဖြစ်ပါ သည်။ လိုအပ်ပါက လွယ်ကူသောစကားအသုံးအနှုန်းများကို အသုံးပြုပြီးမေးမြန်းခြင်းပြုလုပ်သင့်ပါသည်။

  -ဘာအတွက်ကြောင့် သင့်ရဲ့နေရပ်ကိုစွန့်ခွာခဲ့ရတာလဲ၊ အတင်းအကြပ်ပြောင်းခိုင်းတာကြောင့်လား၊ ဒါမှမဟုတ် အားထုံးကပြောင်းမယ်ထို့ သဘောတူတာကြောင့် ပြောင်းခဲ့တာလား။ **(values)**

  -ဘယ်လိုခံစားခဲ့ရလဲ၊ သင်နဲ့သင့်မိသားစုအပေါ်မှာရော ရိုက်ခတ်မှုတွေရှိခဲ့ပါသလား။ **(perceptions)**

  -ဒီမှာနေရတာဘယ်လိုလဲ၊ ဘာအခက်အခဲရှိသလဲ၊ အဆိုးဆုံးကြုံတွေ့ရတဲ့ဟာကဘာလဲ၊ အဲဒီအရာတွေတ သင့်အပေါ်သက်ရောက်မှုရှိသလား၊ ကောင်းတဲ့ဟာတွေရှိသလား၊ ဘာတွေကောင်းသလဲ၊ တောင်းတာတွေ ရောခံစားခွင့်ရှိသလား။ **(experiences)**

  -အခုဘာလုပ်ချင်လဲ၊ ဒီမှာအမြဲနေရမယ်လို့ထင်သလား၊ အဲဒီလိုမှမဟုတ် သင့်ရဲ့နေရပ်ကို ပြန်သွားရမယ် လို့မျှော်လင့်ပါသလား။ **(priorities)**

# အခြားသော Interview နည်းစနစ်များ

- အချို့သောမေးခွန်းများသည် တခါတရံခက်ခဲသောကြောင့် အဖြေမရနိုင်ပါ။
- ထိုသို့သောအခြေအနေမျိုးကို ရင်ဆိုင်ရပါက ဖြေဆိုသူသဘောပေါက်စေနိုင်သော ပုံ/အရာဝတ္ထုများကို အသုံးပြုပြီး မေးမြန်းရပါမည်။ ထိုအရာဝတ္ထုအပေါ် တွေ့မြင်ပြီးမှ ၄င်းတို့ခံစားချက်သဘောထားကို ထုတ်ဖေါ်ပြောဆိုခိုင်းပါ။
- တွေ့ဆုံးမေးမြန်းသောအခန်းပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကိုအသုံးပြုနိုင်ပါသည်။
- မေးမြန်းသူမှ ထိုအရာဝတ္ထုများကို ကြိုတင်ပြင်ဆင်ထားနိုင်က ပြင်ဆင်နိုင်ပါသည်။

# Qualitative Interview ကိုအသံသွင်းခြင်း

- လူသစ်သူတေသီများ tape-recorder သုံးသင့်သည်။

- ရေးလိုက်၊ မေးလိုက်လုပ်နေလျှင် မေးမြန်းမှုမှာ ကသိကအောက်ဖြစ်နိုင်ပါသည်။ အသံသွင်းခြင်းအားဖြင့် မေးမြန်းမှုကို လွယ်လင့်တကူ ဆက်လက်လုပ်ဆောင်နိုင်ပါသည်။

- Tape-recorder အသုံးပြုမည်ဆိုပါက ကောင်း/မကောင်းစစ်ဆေးပါ။ အခွေလောက်/မလောက် စစ်ဆေးပါ။

- Tape-recorder အသုံးပြုသောကြောင့် မေးမြန်းသူမှမေးမြန်းခြင်းစတင်သည်နှင့် တပြိုင်နက်တည်း ဖြေဆိုသူအား

  ကျွန်တော်တို့ဟာ မောင်/မ ---------- နဲ့စကားပြောနေပါတယ်၊ မှန်ပါသလား၊ ခင်ဗျားနာမည်အသံထွက်မှန်ရဲ့လား။ ဟု မေးမြန်းခြင်းဖြင့် စတင်ပါ။

# Interviews ကိုထပ်မံရေးကူးခြင်း

- ပိုမိုကောင်းမွန်သောရလဒ်အတွက် မေးမြန်းမှုပြီးလျှင်ပြီးခြင်းကို လုပ်ဆောင်သင့်ပါသည်။

- Interview ပါအကြောင်းအရာများကိုရေးကူးမှတ်တမ်းတင်ခြင်းကိုပြုလုပ်ရာ၌ မေးခွန်းနှင့်အဖြေများကို တပါးတည်းရေးသားခြင်းအားဖြင့် အခြားသူများကို ဖြန့်ဝေခြင်း၊ ဖတ်စေခြင်းပြုလုပ်နိုင်သည်။

- Interviews များရေးကူးမှတ်တမ်းတင်ရာ၌ အသေးစိတ်အချက်အလက်များကို ဖျက်ပြယ်ခြင်းမပြုရ။ တနည်းအားဖြင့် interview ပြုလုပ်စဉ်မေးမြန်းဖြေဆိုစဉ်က ပါရှိသောအကြောင်းအရာအားလုံးကို ရေးကူးမှတ်တမ်းပြုရမည်။

- Interviews ၏ရေးကူးမှတ်တမ်းပြုခြင်းပြီးဆုံးသောအခါ၊ ဖော်ပြထားသော၊ Interview နံပါတ်ဖြင့် သီးခြားပြုလုပ်ထားသော စာမျက်နှာ၏အစပိုင်းတွင် မှတ်သားပါ။ ထို့အပြင်ဖြေဆိုသူ၏အသေးစိတ်အချက်အလက်များကိုလည်း မှတ်တမ်းတင်ထားရမည်။

Thank you!

# ၁၀။ ဦးတည်အုပ်စုဆွေးနွေးပွဲ (Focus Group Discussion)

*တင်ပြခြင်း၏ရည်ရွယ်ချက်*

- *အရေးအသွေးစံထားသုတေသနတွင် FGD ၏အရေးကြီးပုံကို နားလည်ရန်။*
- *FGD ၏အားသာချက်နှင့် အားနည်းချက်ကိုသိစေရန်။*
- *FGD နှင့်အခြားသော သုတေသနနည်းများပေါင်းစပ်အသုံးပြုနိုင်ရန်။*

# ဖွင့်ဆိုချက်

- Focus groups ပြုလုပ်ရာ၌ အဖွဲ့တဖွဲ့ဖြစ်အောင် စုစည်းပြီး ရည်ရွယ်ပြီး ခေါင်းစဉ်တခု (သို့မဟုတ်) ခေါင်းစဉ်တစ်ခုပြီးတစ်ခုကို တန့်သတ်ထားသော အချိန်တစ်ခုအတွင်း စုပေါင်းဆွေးနွေးခြင်းဖြစ်သည်။ တစ်စုံတစ်ရာသော ကိစ္စရပ်များ၊ ပြဿနာရပ်များအပေါ်တွင် လူအများ၏ သဘောထား၊ ထင်မြင်ယူဆချက်များ ရယူရာတွင် အလွန်အသုံးတည့်သော နည်းလမ်းများဖြစ်သည်။

- FGD ဆွေးနွေးပွဲပြုလုပ်သောအခါ ဦးဆောင်ဆွေးနွေးသူ (moderator) နှင့် ပါဝင်ဆွေးနွေးသူများ (participants) အပြန်အလှန်ဆွေးနွေးသကဲ့သို့ ပါဝင်ဆွေးနွေးသူအချင်းချင်း အပြန်အလှန်ဆွေး နွေးမှုများလည်းရှိသည်။ အများအားဖြင့် ပါဝင်ဆွေးနွေးသူအချင်းချင်းသာ ဆွေးနွေးလေ့ရှိပြီး ဦးဆောင်ဆွေးနွေးသူနှင့် သိပ်ဆွေးနွေးလေ့မရှိပေ။

- ဆွေးနွေးပွဲတဖွဲ့တွင် ဦးဆောင်ဆွေးနွေးသူ (moderator) ထဦးနှင့် လူများစွာပါဝင်နိုင်သည် (ပုံမှန် (၆) ယောက်ခန့် ပါဝင်လေ့ရှိပြီး အနည်းဆုံး(၃)ဦးမှ အများဆုံး(၀၂)ဦးအထိ ပါဝင်ကြသည်။) ပါဝင်ဆွေးနွေးသူများသည် ထူးခြားသောလက္ခဏာများ၊ လူဦးရေ အချက်အလက်များနှင့် စိတ်ဝင်စားဖွယ်ကောင်းသော သုတေသနနှင့်စပ်ဆိုင်သော အချက်အထက်များ ကိုပါဝင်ဆွေးနွေးကြသည်။

- FGD ၌ပါဝင်သောသူများကို တသမတ်တည်းသောနမူနာနည်းစနစ် (sampling methods) ဖြင့်ရွေးခြယ်ခြင်းမဟုတ်ပါ။ တနည်းအားဖြင့် ရွေးခြယ်ထားသူများသည် လူများစု၏အယူအဆကို ကိုယ်စားမပြုပါ။

# FGDs ၏အားသာချက်

- အားသာချက်(၆)ရပ်မှာ

    -လုံးစေ့ပတ်စေ့အချက်အလက်ရယူနိုင်ခြင်း (in-depth findings)

    -တင်းကြပ်သောနည်းမထုတ်ခြင်း။

    -ခိုင်လုံတိကျသောအဖြေကိုရယူနိုင်ခြင်း။

    -အနီးစပ်ဆုံးသောအဖြေကိုရယူနိုင်ခြင်း။

    -ငွေကုန်ကြေးကျသက်သာခြင်း။

    -ရှေ့ဆက်လုပ်ဆောင်မည့် စစ်တမ်းကောက်ယူမှု (survey) များအတွက် မေးခွန်းပြင်ဆင်ရန် အထောက်အကူပြု ခြင်း။

# FGDs ၏အားနည်းချက်

- ဖြစ်နိုင်ခြေအားနည်းချက်(၄)ရပ်မှာ

  -ဦးဆောင်းဆွေးနွေးသူ(သို့) သုတေသီ (Researcher) မှဆွေးနွေးဝိုင်းကို ထိရောက်စွာထိန်းသိမ်းနိုင်မှု မရှိခြင်း။ (ပါဝင်ဆွေးနွေးသူကစ်ယောက်ယောက်မှ ဆွေးနွေးပွဲကို ချုပ်တိုင်သွားနိုင်ခြင်း)

  -ဆွေးနွေးပွဲမှရရှိသော အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာသုံးသပါရာ (analyze) ၌ ခက်ခဲမှုရှိခြင်း။

  -ဆွေးနွေးရန် လူစုအဖွဲ့ဖွဲ့ရာ၌ ခက်ခဲမှုရှိခြင်း။

  -ဆွေးနွေးရန်သင့်တော်သောနေရာ လိုအပ်ချက် (တိတ်ဆိတ်ငြိမ်သက်သောအခန်း)။

# FGDs ၏သွင်ပြင်လက္ခဏာ

- **FGD** ဆွေးနွေးပွဲတွင် သုတေသီသည် ဖြစ်ရပ်အခြေအနေတစ်ခုနှင့် ပတ်သက်၍ တူညီသော အတွေ့အကြုံတစ်ခုအပေါ် လူတစ်စု၏ အထင်အမြင်၊ ခံစားမှုနှင့် နားလည်မှုများကို ဖော်ထုတ်ရမည်။

- စစ်တမ်းမေးခွန်းလွှာများဖြင့် အကဲဆတ်သော မေးခွန်းများ မေးနိုင်မည် မဟုတ်သောကြောင့် **FGD** ဆွေးနွေးပွဲများသည် စနစ်တကျဖြစ်ရန်လိုသည်။

- ဆွေးနွေးပွဲမစခင် ကျယ်ဝန်းသော ခေါင်းစဉ်များ (broad discussion topic) ကို သုတေသီ (သို့) အဖွဲ့က ပြင်ဆင်ထားရန်လိုသည့်။ သို့မှသာ နောက်လာမည့် ဆွေးနွေးစရာများအတွက် ဘောင်ကျယ်ဝန်းစေပြီး ပါဝင်ဆွေးနွေးသူများသည် ကိစ္စရပ်များနှင့်ပတ်သက်၍ ၎င်းတို့၏ စိတ်ကူးများကို ပြောဆိုနိုင်မည်ဖြစ်သည်။

- တပိုင်းပုံစံကျ (semi-structured) မေးခွန်းများကို အခြေခံဆွေးနွေးလေ့ရှိပြီး အနည်းဆုံးမိနစ်(၆၀)မှ မိနစ်(၁၀၀)အထိကြာတတ်သည်။

- အကဲဆတ်သော သုတေသန ခေါင်းစဉ်များအတွက် ယောကျ်ား (သို့) မိန်းမ သီးသန့်ဖွဲ့စည်းထားခြင်းက ပိုမိုကောင်းမွန်သည်။ ကျားမရောထွေးထားခြင်းက လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြောဆိုလိုသော စိတ်ကို ချုပ်ချယ်ထားနိုင်သည်။

# FGDs ၏အသွင်အပြင်လက္ခဏာ

- လူမျိုးရေးနှင့် ဘာသာရေးဆက်နွယ် သုတေသနများတွင် ဘာသာတူ၊ လူမျိုးတူ ဦးဆောင်မေးမြန်းသူကို ရွေးခြယ်သင့်သည်။ (သို့သော် စီစဉ်တကျအတွက်ဆင်ထားရန်မလိုအပ်ပါ)။
- သုတေသနသည် လူမျိုးရေးနှင့်ဘာသာရေးနှင့်လည်း ကြီးမားသော ဆက်နွယ်မှုမရှိ၊ အကဲဆတ်မှုလည်းမရှိပါက အထက်ပါအချက်ကိုစဉ်းစားရန်မလို အပ်ပါ။
- ပဋိပက္ခအသွင်ဆောင်သော သုတေသန၊ ကျား/မသီးသန့်ဗဟိုပြုဆွေးနွေးမှုများအတွက် မေးမြန်းမှုမစခင် အစစအရာရာကြိုတင်ပြင်ဆင်ရမည်။

# FGD မှတ်ထုတ်နှုတ်ချက် (ဥပမာ)

- FGD ပြုလုပ်ရန်အတွက် ဦးဆောင်မေးမြန်းမည့်သူ (moderator) မှ ဆွေးနွေးမည့်လမ်းကြောင်းကို ချမှတ်ထားသင့်သည့်။ သို့မှသာ ဆွေးနွေးပွဲတွင် ဆွေးနွေးချက်များကို လိုအပ်သလို ထိန်းကျောင်းမှုပြု နိုင်မည်။ (လုံးဝလိုက်နာရမည့်တုဖိအားပေးခြင်းမတုတ်ပါ။ လေ့လာမည်အကြောင်းအရာပေါ် မူတည်၍ လုပ်ဆောင်ရန် အကြံပြုအဆိုပြုခြင်းသာဖြစ်သည်)။

- အသိ (knowledge) ၊ စိတ်နေသဘောထား (attitude) ၊ လက်တွေ့လုပ်ဆောင်မှု၊ (practice) (KAP) စံပုံစံသည် FGD ပြုလုပ်ရန်အတွက် အလွန်အသုံးဝင်သော လက်နက်တန်ဆာဖြစ်သည်။ ဦးဆောင်မေးမြန်းသူမှ အထက်ပါ (KAP) ကိုဆွေးနွေးမှုပုံစံ (၃)မျိုးဖြင့်ခွဲခြားမေးမြန်းနိုင်သည်။
  - -လေ့လာချက်ခေါင်းစဉ်နှင့် ဆက်စပ်ပြီးဆွေးနွေးသူ (participants) ကဘယ်ထောက်နားထည်သလဲ။ (knowledge)
  - -လေ့လာချက်ခေါင်းစဉ်နှင့် ဆက်စပ်ပြီး (participants) မှထားရှိသောသဘောထား (attitude)
  - -လေ့လာချက်ခေါင်းစဉ်နှင့် ဆက်စပ်ပြီး (participants) မှလက်တွေ့လုပ်ဆောင်ဖူးပါသလား (practice)



# ဦးဆောင်မေးမြန်းသူ (moderator)

- ဆွေးနွေးနေစဉ်အသံသွင်းလိုပါက ဦးဆောင်မေးမြန်းသူမှ ပါဝင်ဆွေးနွေးမည့်သူများအား ခွင့်ပြုချက်ရယူရန်။
- ဆွေးနွေးပွဲတွင် moderator မှ participants တို့၏ ဆွေးနွေးချက်များကို မှားသည်/မှန်သည်ဟု ပြောဆိုခြင်း၊ ၎င်းတို့၏ယူဆချက်ကို ပြင်ပေးခြင်း၊ ဝေဖန်ခြင်း၊ ထို့အပြင် moderator ၏ ယူဆချက်သာ မှန်ကြောင်းသဘောထားကင်ပြခြင်းကို့ကို မလုပ်ရ။ လူကိုင်းပါဝင်ဆွေးနွေးအောင်သာ လုပ်ယူရမည်။
- Moderator မှဘဝင်မြင့်ခြင်း၊ ပညာဂုဏ်မောက်ခြင်းကို့ကို ဆင်ခြင်ရမည်။ အမူအရာ၊ အပြောအဆို အားဖြင့်မဖော်ပြရပါ။
- ကျယ်ဝန်းသော မေးခွန်းဖြင့် စဖွင့်ပြီးနောက် Moderator အနေဖြင့်နောက်ထပ်မေးခွန်း ၃၊၄ ခုဖြင့် ထပ်မံမေးမြန်း ရန် ဆွေးနွေးစဉ်ကွင် စိတ်ထဲ၌ကြိုကင်ပြင်ဆင်ထားရမည်။
- ရေးထားသောမေးခွန်းအကြမ်းထုတ်နှုတ်ချက်များကို အများသူငါရှေ့၌ FGD ပြုစဉ်မဖက်ရ။ အမှန်တကယ်ဖြစ်သင့်သည်မှာ ထိုမေးခွန်းများကို အလွတ်ရနေပြီး ဆွေးနွေးပွဲအရှိန်ကို ထိန်းထားနိုင်ရ မည်။

# ပါဝင်ဆွေးနွေးသူများ

- ဆွေးနွေးပွဲကို ပိုမိုအသက်ဝင်စေသောအချက်များ
  - ❑ ပါဝင်ဆွေးနွေးသူများသည် အကြောင်းအရာကစ်ခု ဝေမျှလိုခြင်း (motivations)

- ဆွေးနွေးပွဲကို ထိခိုက်စေသောအချက်မှာ
  - ❑ ပါဝင်သူအချင်းချင်းအစေးမကပ်ခြင်း (သို့) မသင့်ကင့်ခြင်း
  - ❑ အချက်အလက်နှင့် ကိန်းဇယားများကိုသာ အဓိကထားခြင်း

ဆွေးနွေးပွဲတွင်ပြောဆိုသော အချက်အလက်များကိုလျို့ဝှက်ထားရမည်။ ပါဝင်ဆွေးနွေးသူများကို moderator လက်ထောက်များက နေရာသတ်မှတ်ပေးရမည်။ ထိုသူများထိုင်မည့်နေရာနှင့် ထိုင်သူ နံပါက်ကိုမှက်သားထားပါ။ သို့မှသာ မည်သူက မည့်သည့်အရာပြောကြားခဲ့ကြောင်းကို သိနိုင်မည်။

# FGD စတင်မှုပြုသောအခါ

လူစုပြီးသောအခါ၊ Moderator မှအောက်ပါအချက်များကို လုပ်ဆောင်ရမည်။

- ကြိုဆိုနှုတ်ခွန်းဆက်ပါ၊ ကျေးဇူးတင်ပါ။
- အယောက်စီတိုင်းတို မိတ်ဆက်ပေးပါ။
- ဆွေးနွေးပွဲရည်ရွယ်ချက်များကို ရှင်းပြပါ။
- ဆွေးနွေးပွဲအစီအစဉ်နှင့် ဆွေးနွေးမည့်သူများ၏ အခန်းကဏ္ဍကိုရှင်းပြပါ။
- အဖွင့်မေးခွန်းကိုအများကြားနိုင် လောက်သောအသံဖြင့်စတင်ပါ။
- အထက်ပါပုံစံအကိုင်းမေးခွန်းများကို ဆက်မေးပါ။

# FGD မေးမြန်းစဉ်တွင်

အောက်ပါအကြံပြုချက်များကို moderator အနေဖြင့်လေ့လာသင့်သည်။

- *အသံသွင်းခြင်းကို သတိထားပြုလုပ်ပါ* ။ ။ ဆွေးနွေးပွဲပြုလုပ်နေစဉ် အသံမပြုဘဲ အချက်ပြ၊ အမူအရာကိုအသုံးပြုပြီး ပိုမိုပြောဆိုလာအောင် ပြုလုပ်ခြင်း(သို့) နောက်တဦးပြောဆိုလာအောင် အချက်ပြခြင်းတို့ကို လုပ်ဆောင် ဝါ။

- *ဘက်မလိုက်ပါနှင့်*။ ။ ပါဝင်ဆွေးနွေးသူတဦးတယောက်ကိုမျှ ဆန့်ကျင်တုန့်ပြန်ခြင်းမပြုရ။

- *အမူအရာ* ။ ။ ခေါင်းငြိမ့်ခြင်း၊ စိတ်ဝင်စားမှုအကြည့်တို့ဖြင့်ဆွဲဆောင်ခြင်း။

- *အသံပြုခြင်း* ။ ။ "အော်" "ဒါပေါ့"

- *ဟုတ်မဟုတ် ပြန်လည်အတည်ပြုခြင်း* ။ ။ "ခင်ဗျားပြောတာ ကျွန်တော်နားလည်တာဒီလို့ . . ." "ခင်ဗျားပြောတာ ကျွန်တော်နားလည်တာမမှားဘူး ဆိုရင်"

# FGD မေးမြန်းစဉ်တွင်

နောက်ဆက်ကွဲအကြံပြုချက်များ

- *ရှင်းရှင်းလင်းလင်းဖြစ်ပါစေ* (clarification) ။ ။ "ကျွန်တော်/မ သိပ်မရှင်းလိုက်ဘူး. . . ထပ်ပြောပြနိုင်မလား. . ."၊ "ဘာကြောင့်အဲဒီလိုထင်ရကာလဲ. . . ပြောပြနိုင်မလား"

- *အခြားဥပမာများဖြုလုပ်ခြင်း* (other examples) ။ ။"ကခြားဟာရောရှိသေးလား. . ."၊ "အဲဒါကိုထပ်ပြောပြပါလား. . . ကျွန်တော်/မ ရှင်းရှင်းလင်းလင်းသိချင်လို့"

- *စည်းချက်ညီပါ* (timing) ။ ။ "ပြောဆိုမှုအမှန်တကယ်ရပ်သွားမှသာ နောက်ထပ်မေးခွန်းတခုကိုမေး ပါ။

# FGD ၌အသံသွင်းခြင်း

**FGD** ဆွေးနွေးသူများပြောကြားသမျှကို များသောအားဖြင့် အသံသွင်းတိတ်ခွေဖြင့် ကူးယူမှတ်သားထားလေ့ရှိသည်။

- Tape-recorder ဖြင့်အသံသွင်းခြင်းကို ပိုမိုပြုလုပ်ကြပြီး၊ ပြောဆိုချက်အားလုံးကိုအသံသွင်းပါ။ Moderatorမှ အသံသွင်းချက်အားလုံးကို အတိအကျ record လုပ်ထားကြောင်း သေချာစေပါ။
- Audiotape discussion ပြုလုပ်၍သော်လည်းကောင်း၊ တခြားတယောက်ကို အလုပ်ခန့်အပ်၍ မှတ်တင်းတင်စေခြင်းဖြင့်သော်လည်းကောင်း Moderator အတွက် သင့်တော်မည့်အသံသွင်းခြင်းနည်းကို အသုံးပြုပါ။
- Moderator အနေဖြင့် ဆွေးနွေးပွဲတွင် ပါဝင်သောကြောင့် အရေးကြီးသောအချက်များ လွတ်မသွား စေရန် အတတ်နိုင်ဆုံးရှောင်ကြည်ရမည်။
- FGD ပြုလုပ်သောအခါ၊ (၁) နာရီခွဲမှ (၂)နာရီအထိ အချိန်ကြာမြင့်ထတ်၏

# FGD ပြုလုပ်စဉ် အချက်အလက်များကိုအသံသွင်းခြင်း

- Moderator မှ အသံသွင်းခြင်းကို မလုပ်နိုင်လျှင်၊ လက်ထောက်မှကာဝန်ယူပြုလုပ်ရမည်။
- လက်ထောက်မှ အသံဖမ်းစက်နှင့် လိုအပ်ချက်များကို စစ်ဆေးပြီးဆွေးနွေးပွဲ လူတိုင်း၏ အသံကို ကြားနိုင်သော နေရာ၌ recorder ကိုချထားပါ။
- လက်ထောက်မှ ဆွေးနွေးပြုလုပ်စဉ်ကာလအကွင်း ရှိနေရမည်။
- လက်ထောက်မှ အချိန်ကိုကြည့်ရမည်။ Tape လုံလောက်မှုရှိမရှိ အဆက်မပြက်စစ်ဆေးရမည်။ (၁)နာရီမှ(၁)နာရီခွဲ အချိန်ကြာသောကြောင့်ဖြစ်ပါသည်။
- လက်ထောက်၏ကာဝန်မှာ လေ့လာရန်သာဖြစ်သည်။ ပါဝင်ဆွေးနွေးခွင့်မရှိ။

# FGD အသံသွင်းခြင်း၏ အားသာချက်

- အပြန်အလှန်ဆွေးနွေးမှု၏ အကျိုးဆတ်အားဖြင့်၊ Moderator သည် ရေးမှတ်ခြင်းမပြုနိုင်ပဲ ပြောဆိုခြင်း၌သာ အာရုံစိုက်နေရသည်။ ထို့ကြောင့်အသံသွင်းထားနိုင်ခြင်းက အားသာချက်တစ်ရပ်ဖြစ် သည်။

- အချက်အလက်များပျောက်ဆုံးသွားမည်ကို စိုးရိမ်းစရာမလိုတော့သောကြောင့် ဦးဆောင်ဆွေးနွေးသူတွင် နားထောင်ရန်နှင့် ပြန်လည်ဆွေးနွေးရန် အချိန်ပိုမိုရရှိလာသည်။

- ရေးမှတ်ခြင်းမပြုရသောကြောင့်၊ ဆွေးနွေးပွဲတွင် ပိုမိုအာရုံစိုက်ထားနိုင်ပြီး ဆွေးနွေးသူများနှင့်လည်း ပိုမိုရင်းနှီးလာနိုင်သည်။

# FGD အသံသွင်းခြင်း၏ အားနည်းချက်

- အသံသွင်းထားသောကြောင့် အချက်အလက်များဆုံးရှုံးမှုမရှိတော့သဖြင့် Moderator ၏ဆွေးနွေးပွဲ၌ အားရုံစူးစိုက်မှု လျော့နည်းကာ Moderator ၏ လုပ်ဆောင်မှုကို အားနည်းစေခြင်း။

- အသံသွင်းထားခြင်းကြောင့် ဆွေးနွေးပွဲ၏ အရှိန်ကိုထိခိုက်စေပါသည်။ လူအများကပွင့်ပွင့်လင်းလင်း မဆွေးနွေးရဲတော့ပါ။ (ထိုသို့မဖြစ်စေရန် Moderator မှကြိုတင်ပြောပြထားသော်လည်း လူအများက ကြောက်ရွံ့သဖြင့် ပွင့်လင်းမှုအခြေအနေမရှိနိုင်ပါ)။

- အသံသာ ကြားသောကြောင့် မည်သူကမည်သည့်အရာကို တင်ပြကြောင်းမခွဲခြားနိုင်ပါ။

# FGD ပြုလုပ်ပြီးသည့်အခါ

ဆွေးနွေးပွဲပြီးနောက် အောက်ပါတို့ကိုလုပ်ဆောင်ရမည်

- ရေးကူးမှတ်တမ်းပြုခြင်း(သို့) အကျဉ်းချုပ်မှတ်တမ်းပြုခြင်းကိုလုပ်ရမည်။ အချို့သောသုတေသီ စီမံကိန်းများ၌ ရေးကူးမှတ်တမ်းကို လိုအပ်ပြီး အချို့တွင် အကျဉ်းချုပ်သာ လိုအပ်သည်။ သို့သော်သုတေသနကို ကြီးကြပ်နေသော အဖွဲ့အစည်းများ၏ဆုံးဖြတ်ချက်သာအဓိကဖြစ် သည်။

- အကြောင်းအရာ၊ ဦးတည်ချက်၊ အစိတ်အပိုင်းအားလုံးကိုဆန်းစစ်ပါ။

- အတည်ပြု၍ရသောအချက်များ၊ လွဲနေသောအချက်များကို မှတ်သားထားပါ။ (သုတေသနမပြုလုပ်မီက ချမှတ်ထားသော ခေါင်းစဉ်နှင့်သက်ဆိုင်မှုရှိ/မရှိစစ်ပါ)။

- ဆွေးနွေးမှုမှရရှိသောအချက်အလက်များကို အခြေပြု၍ ကောက်ချက်ချပါ။

- တွေ့ရှိချက်များကို အခြားအဖွဲ့ဝင်များအားပြောပြသတင်းပေးပါ။

- တွေ့ရှိချက်ရလဒ်ကိုအသုံးပြု၍ ထောက်ခံအဆိုပြုမှုများရေးချပါ။

Thank you!

# ၁၁။ ဖြစ်ရပ်လေ့လာခြင်းနည်း (Case study)

*တင်ပြရခြင်း၏ရည်ရွယ်ချက်များ-*

- *ဖြစ်ရပ်လေ့လာခြင်းနည်းကို သုတေသနမဟာဗျူဟာတစ်ခုအနေဖြင့် အသုံးပြုတတ်စေရန်။*
- *ဖြစ်ရပ်လေ့လာခြင်းနည်း၏ အားသာချက်များနှင့် အားနည်းချက်များကို ပိုမိုနားလည်သဘော ပေါက်လာစေရန်။*

# အဓိပ္ပာယ်သတ်မှတ်ချက်-

- ဖြစ်ရပ်လေ့လာခြင်းနည်းဆိုသည်မှာ - လူပုဂ္ဂိုလ်တစ်ဦးအုပ်စုတစ်စု (သို့) အဖွဲ့အစည်းတစ်ရပ်အား ကာလအပိုင်းအခြားတစ်ခုအတွင်း ၎င်းတို့၏ လူမှုနောက်ခံအနေအထားအား လေ့လာသောသုတေသန မဟာဗျူဟာတစ်ခုဖြစ်ပါသည်။အချိန်ကာလအနေဖြင့်တစ်လမှနှစ်ပေါင်းများစွာကြာနိုင်ပါသည်။

- သက်သေအထောက်အထားအများအပြားကိုအသုံးပြုထားသောကြောင့်ဖြစ်ရပ်လေ့လာခြင်း နည်းသည်အရည်အသွေးစံထားသုတေသနဆိုင်ရာ အရေးကြီးသောချဉ်းကပ်လေ့လာနည်းတစ်ခုဖြစ်သည်။

- ၎င်းသည်နမူနာကောက်သုတေသနနည်းတစ်ခုမဟုတ်ပါ။

- ဖြစ်ရပ်လေ့လာခြင်းနည်းတွင်သီးခြားဖြစ်ရပ်တစ်ခုအား လေ့လာမှု (သို့) တူညီသောအခြေအနေတစ်ရပ်တွင် ၎င်းတို့နှင့်ပတ်သတ်နေသောဖြစ်ရပ်များစွာကိုနှိုင်းယှဉ်လေ့လာမှုဟူ၍ ပါဝင်ပါသည်။

# Case Study ပြုလုပ်ရခြင်းရည်ရွယ်ချက်များ

အောက်ပါအချက်များပေါ် မူတည်၍ဖြစ်ရပ်လေ့လာခြင်းနည်းကိုသုတေသနမဟာဗျူဟာ
တစ်ခုအနေဖြင့်အသုံးပြုရန် ရွေးချယ်ရပါမည်။

- လေ့လာမှုပြုနေသောအကြောင်းအရာ၊ အခြေအနေနှင့်ပတ်သတ်ဆက်စပ်နေသောအကြောင်းအရာများအားလုံးကိုရှင်းလင်းတင်ပြရန်။ (အကြောင်းတရားများ)

- ထိုအကြောင်းအရာ၊ အခြေအနေကိုဖြစ်ပေါ် စေသောနောက်ခံအခြေအနေကိုဖော်ပြရန်။ (နောက်ခံအနေအထား)

- ထိုအကြောင်းအရာ၊ အခြေအနေကိုဖော်ပြရန် (လေ့လာမှုပြုနေသောအခြေအနေ၊ အကြောင်းအရာများကိုဖော်ပြခြင်း)

# ဖြစ်ရပ်လေ့လာခြင်းဆိုင်ရာသုတေသနလုပ်ငန်းစဉ်

- ယခင် Slide ထွင်ဖြစ်ရပ်ထေ့ထာခြင်းပြုထုပ်ရသည့်အခြေခံရည်မှန်းချက် (၃) ချက်ဖြစ်သည့်

  - အကြောင်းကရားများဆိုင်ရာဖွင့်ဆိုရှင်းပြခြင်း။
  - နောက်ခံအနေအထားကို သရုပ်ဖော်ခြင်း။
  - လေ့လာမှုပြုနေသောပြဿနာ (သို့) အခြေအနေကို သရုပ်ဖော်တင်ပြခြင်းတို့ကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

- အထက်ပါရည်ရွယ်ချက် (၃) ချက်ကိုဖြည့်မှီထင်ပြနိုင်ရန်ဖြစ်ရပ်လေ့လာခြင်းဆိုင်ရာ သုကေသနလုပ်ငန်းစဉ်အနေဖြင့်သုတေသနလုပ်ထုံး၊ လုပ်နည်းအမျိုးမျိုး၏ ပံ့ပိုးမှုကိုလိုအပ်ပါသည်။

# Case Study

## ကိုအောက်ပါနည်းအမျိုးမျိုးဖြင့်တွဲဖက်သုံးစွဲနိုင်ပါသည်။




အထက်ပါနည်းများအားလုံးတို Case Study အတွက် အသုံးပြုရမည်မှာမဟုတ်ပေ။ သို့သော်လည်း အထက်ပါနည်းများကို ပိုမိုသုံးလေလေ၊ သုတေသန၏ရလာဒ်မှာ ပိုကောင်းလေလေဖြစ်သည်။

# Case Study ၏အကျိုးရလာဒ်များ

အကြောင်းရင်းမြစ်များကိုဆန်းစစ်ခြင်းနှင့်သုတေသနဆိုင်ရာလုပ်ထုံးနည်းလမ်းအမျိုးမျိုးကိုအသုံးပြုထားသော ကြောင့်ဖြစ်ရပ်လေ့လာနည်းကို ရှုထောင့်အမျိုးမျိုးမှ တင်ပြနိုင်ပါကသုတေသနရလာဒ်ကောင်းကို ဖြစ်ရပ်လေ့လာခြင်းနည်းမှရရှိနိုင်ပါသည်။

ခြားနားသောလေ့လာတင်ပြမှုများ (သို့) လေးနက်သောအကြောင်းအရာဖော်ပြချက်များကမှန်တသော လေ့လာမှုကိုဖြစ်စေပါသည်။

# Case Study ၏အားသာချက်များ

Case Study ၏အားသာချက်များမှာ - လေ့လာနေသော လူမှုဘဝများကို ပြည့်ပြည့်စုံစုံနားလည် သဘောပေါက်စေရန်နှင့် အနီးကပ်ကြည့်ရှု့လေ့လာခြင်းတို့ဖြစ်ပါသည်။

နောက်အားသားချက်တစ်ခုမှာ - သုတေသနပညာရှင်အနေဖြင့် သုတေသနပြုလုပ်ရန် နည်းပညာ အမျိုးမျိုးကို အသုံးပြုနိုင်ခြင်းဖြစ်သည်။

သုတေသနည်းတစ်ခုရရှိလာသောတွေ့ရှိချက်များကို (ဥပမာ စောင့်ကြည့်လေ့လာခြင်း) အခြားသော သုတေသန နည်းတစ်ခုခုဖြစ် (ဥပမာ-အိမ်ထောင်စုဆိုင်ရာ စစ်တမ်းကောက်ခြင်း-ဆာဗေးနည်း)ပြန်လှန်စစ်ဆေးမှုပြုနိုင်သည်။

၎င်းအပြင် Case Study အတွက်အသုံးပြုထားသော သုတေသနနည်းအချို့၏အားနည်းချက်များကို အခြား သုနေတသနည်းများ၏ အားသာချက်ဖြင့် ပြန်လည်ဖြည်စွက်ထောက်ကူမှုပေးနိုင်ပါသည်။

# Case Study ၏အားနည်းချက်များ

ကျပန်းနမူနာစစ်တမ်းကောက်ခြင်းများနှင့် မတူပဲ Case Study များသည် လေ့လာထားသော လူစုတစ်ခု လုံးကို ကိုယ်စားမပြုနိုင်ချေ။

လေ့လာဖူးသော Case Study တစ်ခု(သို့)အများနှင့်ဆင်တူသောဖြစ်ရပ်များကို ကျော်လွန်၍ Case Study တို့ လေလာနေသော သုတေသနပညာရှင်အနေနှင့် ယေဘူယျမပြုရန် သတိမူရပါမည်။

# Case Study တစ်ခုကိုပြုလုပ်ပုံ

- Case Study ကိုဆောင်ရွက်ရန်ပုံမှန်အားဖြင့် အဆင့်(၄)ခုရှိသည်။

- ၁။ နောက်ခံအကြောင်းအရာ။
- ၂။ ဖော်ပြချက်။
- ၃။ ခွဲခြမ်းစိပ်ဖြာခြင်း။
- ၄။ အကဲဖြတ် ကောက်ချက်ချခြင်းနှင့် သုံးသပ်အကြံပေးခြင်း ဟူ၍ဖြစ်သည်။

သုတေသန စီမံကိန်းတွင် နှိုင်းယှဉ်ခြင်းပြု Case Studiesအသုံးပြုပါက နောက်ထပ် အဆင့်တစ်ခုလိုပါသေးသည်။ ၎င်းမှာ Case Studies အမျိုးမျိုး ၏ သုတေသနရလာဒ်များကို တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်လေ့လာရန်လိုပါသည်။

# ၁ - နောက်ခံအကြောင်းအရာ

Case Study ၏နောက်ခံအကြောင်းအရာဆိုသည်မှာ - လေ့လာရမည့်အဖြစ်အပျက်၊ အခြေအနေ (သို့) ပြဿနာ၏ နောက်ကြောင်းကို စူးစမ်းလေ့လာခြင်းဖြစ်သည်။

Case Studies ၏နောက်ခံအကြောင်းကို လေ့လာရာတွင် အောက်ဖော်ပြချက်များမှ အနည်းဆုံးတစ်ခုပါဝင်ရမည်။

- စာအုပ်စာတမ်းကိုးကားချက် - လေ့လာရမည့်အကြောင်းအရာ ကိစ္စနှင့်ပက်သက်၍ သတင်းစာများ၏ ဖော်ပြချက်၊ ရုပ်မြင်သံကြားသတင်း၊ NGO- CBO တို့၏ အစီရင်ခံစာ စသဖြင့် ကိုးကားနိုင်သည်။ လေ့လာရမည့်အကြောင်းကိစ္စနှင့်ပတ်သက်သော အချက်အလက်ဆိုင်ရာ ဗဟုသုတရှိရန်လိုပြီး၊ သုတေသန ရလာဒ်နှင့် နှိုင်းယှဉ်ရန်လိုအပ်ပါသည့်။

- လေ့လာနေသောအဖြစ်အပျက်၊ အခြေအနေများနှင့် ပတ်သက်စပ်နေသော လူပုဂ္ဂိုလ်များအကြောင်းနှင့် ထိုအခြေအနေများကိုနားလည်ထားရမည့် ပုဂ္ဂလိကဆိုင်ရာ နောက်ကြောင်း၊ မျိုးစု နောက်ကြောင်း အခြေအနေ၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ စသောအချက်အလက်များကို ရှာဖွေစုဆောင်းခြင်း

# ၂ - သရုပ်ဖော်တင်ပြခြင်း

လေ့လာမှုပြုနေသောအကြောင်းအရာပေါ်မူတည်၍ဖြစ်ရပ်လေ့လာခြင်းနည်းလမ်း၏ ဒုတိယအဆင့်တွင်အောက်ပါအချက်များမှအနည်းဆုံး အချက် (၁) ချက်ပါဝင်လေ့ရှိ သည်။

- ဖြစ်ရပ်လေ့လာမှုတွင်သုတေသနပညာရှင်အနေဖြင့် ပါဝင်ပတ်သက်လာပုံ၊ ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာများ၊ ပြောဆိုခဲ့သည့်အရာများ၊ လုပ်ဆောင်ခဲ့သည့်အရာများနှင့် ၎င်းတို့၏အကျိုးဆက်များဖြစ်သောဖြစ်ရပ်လေ့လာမှု၏ ဦးတည်ချက်အခြေအနေအကြောင်းချင်းကိုဖော်ပြချက်။
- ဖြစ်ရပ်လေ့လာမှု၏ နယ်ပယ်အကျယ်အဝန်းကို သတ်မှတ်ဖော်ပြချက်မည်သည့်အရာသည်ဖြစ်ရပ်လေ့လာမှု၏ ဦးတည်ချက်ဖြစ်၍မည်သည့်အရာသည်ဖြစ်ရပ်လေ့လာမှု၏ ဦးတည်ချက်မဟုတ်သည်ဆိုသည်နှင့်အဘယ်ကြောင့်ထိုသို့ဖြစ်သည်။ မဖြစ်သည်ကိုမဖော်ပြရန်။
- သုတေသနလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သတ်သူများအကြောင်း ဖော်ပြချက်။

# ၃ - ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း

ဖြစ်ရပ်လေ့လာခြင်းနည်း၏ တတိယအဆင့်တွင်အောက်ပါတို့ အနက်တစ်ခုအနည်းဆုံး ပါဝင်လေ့ရှိသည်။

- လေ့လာနေသောအခြေအနေ၊ အကြောင်းအရာတွင်ပါဝင်ပတ်သတ်နေသော အချင်းအရာများကိုခွဲခြမ်းလေ့လာကြည့်ခြင်း။

- ထိုလေ့လာမှုအခြေအနေအား ဖြစ်ပေါ်စေသော တိုက်ရိုက် (သို့) သွယ်ဝိုက်သောအကြောင်းအရာများကိုခွဲခြမ်းစိတ်ဖြာကြည့်ခြင်း။

- ၎င်းအခြေအနေများ၏ ရေတို/ရေရှည်အကျိုးသတ်ရောက်မှုကို ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း။

# ၄ - အကဲဖြတ်ခြင်းနှင့် သုံးသပ်အကြံပေးခြင်း

Case Study ၏စတုတ္ထအဆင့်တွင် အောက်ပါတို့မှကစ်ခုပါဝင်ရပါမည်။

-ဖြစ်ရပ်၏ ယေဘုယျတိုးကက်မှု ဖြစ်စဉ်အပေါ် သုံးသပ်ချက်

-အခြေအနေ၊ အဖြစ်အပျက် (သို့) ပြဿနာမှ အကျိုးရှိနိုင်သောပုဂ္ဂိုလ်များနှင့် အကြောင်းအရင်းများ

-အခြေအနေ၊အဖြစ်အပျက် (သို့) ပြဿနာမှ အကျိုးမဲ့ဖြစ်ခဲ့သောပုဂ္ဂိုလ်များနှင့် အကြောင်းအရင်းများ

-သုံးသပ်အကြံပေးခြင်း

# ဥပမာ

- Case Study: " လှိုင်မြို့နယ်အတွင်းရှိလူငယ်များအလုပ်လက်မဲ့ဖြစ်ခြင်း "

၁။ **နောက်ခံအကြောင်း** - မြန်မာနိုင်ငံရှိလူငယ်များအလုပ်လက်မဲ့ဖြစ်ခြင်းနှင့်သက်ဆိုင်သော စာအုပ်စာတမ်းများ
- လူငယ်များအတွက် အလုပ်ဈေးကွက်၏လတ်တလောအနေအထား
- မကြာသေးခင်ကလက်တွေ့အကောင်အထည်ဖော်ထားသောစီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအကြားရှိ ဖြစ်နိုင်သောအဆက်အစပ်များနှင့် အကြောင်းအရာများ

၂။ **ဖော်ပြချက်** -လေ့လာနေသောလူဦးရေးအားလုံးအတွင်း လူငယ်များအလုပ် လက်မဲ့ဖြစ်နှုန်း ၏ ပျံ့နှံ့မှုအတိုင်းအတာကို စစ်တမ်းကောက်ဖော်ပြရန်။ အဓိအချက်အလက်ပြောပြနိုင်သူ နှင့် အသေးစိက်လူတွေ့မေးမြန်းခြင်းပြုရန်။

၃။ **ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း** - မိမိတို့၏အရည်အချင်းနှင့်ကိုက်ညီသော အလုပ်ကို လူငယ်များမရှာရခြင်း၊ အလုပ်လက်မဲ့ ဖြစ်ခြင်းနှင့် မည်သည့်လူငယ်အုပ်စုမှ အလုပ်လက်မဲ့မှုနှင့် အဓိကကြုံတွေ့ နေရသည်ကို ရှင်းလင်းချက်။

၄။ **အကဲဖြတ် ကောက်ချက်ချခြင်းနှင့်သုံးသပ်အကြံပေးချက်။** - လတ်တလောနိုင်ငံရေးနှင့် စီးပွားရေး အခြေအနေများတွင် အလုပ်လက်မဲ့ အခြေအနေမည်ကဲ့သို့ ပြောင်းလဲဖြစ်ပေါ်နိုင်ကြောင်း။မည်သူကို့ကဆုံးရှုံးမှုနှင့် ရင်ဆိုင်ရသည်ကို ဖော်ပြရန်။

# လေ့ကျင့်ရန်အချိန်

- **ဗီယက်နမ်နိုင်ငံရှိ မူလတန်းကျောင်းကလေးဗဟိုပြုပညာရေး သင်တန်းဆိုင်ရာပြဿနာများ Bac Giang Province ဖြစ်ရပ်လေ့လာခြင်း**

- ဗီယက်နမ်နိုင်ငံတွင် သင်ကြားနည်း သစ်ဖြစ်သော ကလေးဗဟိုပြု ပညာရေးကို အစပျိုးခဲ့ကြသော်လည်း ပညာရေးဆိုင်ရာဖြစ်စဉ်တွင် ပြဿနာများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ၎င်းပြဿနာများကို ဖြေရှင်းကျော်လွှားနိုင်ရန် ဗီယက်နမ် အစိုးရနှင့် ဂျပန်အစိုး ရတို့ပူးပေါင်း၍ကျောင်းတွင်း စောင့်ကြည့်လေ့လာခြင်းနှင့် ကျောင်းသင်ခန်းစာကို အလေးအနက်တွေးတောခြင်း အဓိက ဆောင်ရွက်အနေဖြင့်ပါဝင်သော ကျောင်းဆရာများကို လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်တစ်ခု ဆောင်ရွက်ခဲ့ကြဖူး ပါသည်။ ထိုကျောင်း များအတွင်းရှိ ဖြစ်ပျက်နေသော ပြဿနာများကို ဤသုတေသနက လေ့လာခဲ့သည်။ သုတေသန ရလဒ်က ဖော်ပြနေသည်မှာ (၁) ကျောင်းသင်ခန်းစာများကို အလွန်မြန်မြန်သင်ကြားခြင်း (၂) ဆရာများက ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များနှင့် ကျောင်းသားများကို ဝေဖန်လေ့ရှိခြင်း (၃) ဆရာများကကျောင်းသားများမည်သို့မည်ပုံ လေ့လာရမည်ကို လေ့လာရန် လိုအပ်ခြင်း (၄) ဆရာအချင်းချင်း ဆွေးနွေးတိုင်ပင်စေခြင်း စသည်တို့မှာ ထည့်သွင်းစဉ်းစားမည့် စိန်ခေါ်မှုပြဿနာများပင် ဖြစ်သည်။

အကျဉ်းချုပ်ကိုဖက်ပါ။

# လေ့ကျင့်ရန်အချိန်

- **ဗီယက်နမ်နိုင်ငံရှိ မူလတန်းကျောင်းတလေးဗတိုပြုပညာရေး သင်တန်းဆိုင်ရာပြဿနာများ Bac Giang Province ဖြစ်ရပ်လေ့လာခြင်း**

- ဗီယကိနမ်နိုင်ငံတွင် သင်ကြားနည်း သစ်ဖြစ်သော ကလေးဗဟိုပြု ပညာရေးကို အစပျိုးခဲ့ကြသော်လည်း ပညာရေးဆိုင်ရာဖြစ်စဉ်တွင် ပြဿနာများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ၎င်းပြဿနာများကို ဖြေရှင်းကျော်လွှားနိုင်ရန် ဗီထက်နမ် အစိုးရနှင့် ဂျပန်အစိုး ရတို့ပူးပေါင်း၍ကျောင်းတွင်း စောင့်ကြည်လေ့လာခြင်းနှင့် ကျောင်းသင်ခန်းစာကို အလေးအနက်တွေးတောခြင်း အဓိက ဆောင်ရွက်အနေဖြင့်ပါဝင်သော ကျောင်းဆရာများကို လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်တစ်ခု ဆောင်ရွကိခဲ့ကြဖူး ပါသည်။ ထိုကျောင်း များအတွင်းရှိ ဖြစ်ပျက်နေသော ပြဿနာများကို ဤသုတေသနက လေ့လာခဲ့သည်။ သုတေသန ရလဒ်က ဖော်ပြနေသည်မှာ (၁) ကျောင်းသင်ခန်းစာများကို အလွန်မြန်မြန်သင်ကြားခြင်း (၂) ဆရာများက ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များနှင့် ကျောင်းသားများကို ဝေဖန်လေ့ရှိခြင်း (၃) ဆရာများကကျောင်းသားများမည်သို့မည်ပုံ လေ့လာရမည်ကို လေ့လာရန် လိုအပ်ခြင်း (၄) ဆရာအချင်းချင်း ဆွေးနွေးတိုင်ပင်စေခြင်း စသည်တို့မှာ ထည့်သွင်းစဉ်းစားမည့် စိန်ခေါ်မှုပြဿနာများပင် ဖြစ်သည်။

-ရှာဖွေရန်မှာ

-သုတေသန၏ ရည်ရွယ်ချက်

-အသုံးပြုထားသော
သုတေသန နည်းပညာများနှင့်

-အဓိကတွေ့ရှိချက်-

အဖြေမပေးမှီ စဉ်းစားရန်(၄)
မိနစ် ကျန်ပေသေး

# လေ့ကျင့်ရန်အချိန်

- **ဗီယက်နမ်နိုင်ငံရှိ မူလတန်းကျောင်းကလေးဗဟိုပြုပညာရေး သင်တန်းဆိုင်ရာပြဿနာများ** Bac Giang Province ဖြစ်ရပ်လေ့လာခြင်း

- ဗီယက်နမ်နိုင်ငံတွင် သင်ကြားနည်း သစ်ဖြစ်သော ကလေးဗဟိုပြု ပညာရေးကို အစပျိုးခဲ့ကြသော်လည်း ပညာရေးဆိုင်ရာဖြစ်စဉ်တွင် ပြဿနာများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ၄င်းပြဿနာများတို ဖြေရှင်းကျော်လွှားနိုင်ရန် ဗီယက်နမ် အစိုးရနှင့် ဂျပန်အစိုး ရတို့ပူးပေါင်း၍ကျောင်းတွင်း စောင့်ကြည့်လေ့လာခြင်းနှင့် ကျောင်းသင်ခန်းစာကို အလေးအနက်တွေးတောခြင်း အဓိက ဆောင်ရွက်အနေဖြင့်ပါဝင်သော ကျောင်းဆရာများကို လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်တစ်ခု ဆောင်ရွက်ခဲ့ကြဖူး ပါသည်။ ထိုကျောင်း များအတွင်းရှိ ဖြစ်ပျက်နေသော ပြဿနာများကို ဤသုတေသနက လေ့လာခဲ့သည်။ သုတေသန ရလဒ်က ဖော်ပြနေသည်မှာ (၁) ကျောင်းသင်ခန်းစာများကို အလွန်မြန်မြန်သင်ကြားခြင်း (၂) ဆရာများက ၄င်းတို့၏ လုပ်ဖော်ကိုင်ဖက်များနှင့် ကျောင်းသားများကို ဝေဖန်လေ့ရှိခြင်း (၃) ဆရာများကကျောင်းသားများမည်သို့မည်ပုံ လေ့လာရမည်ကို လေ့လာရန် လိုအပ်ခြင်း (၄) ဆရာအချင်းချင်း ဆွေးနွေးတိုင်ပင်စေခြင်း စသည်တို့မှာ ထည့်သွင်းစဉ်းစားမည့်

သုတေသနရည်ရွယ်ချက်-ဗီယက်နမ်နိုင်ငံရှိ အခြေခံကျောင်းအခြေပြု-ကလေးဗဟိုပြုချဉ်းကပ်နည်း သင်တန်း၏ အခမ်းအနားကို လေ့လာခြင်းဖြစ်ပါသည်။

Case Study ကိုသုတေသန မဟာဗျူဟာအဖြစ်သုံးထားပါသည်။

နံပါတ်စဉ်(၁)၊ (၂)၊ (၃)နှင့် (၄)မှာ သုတေသနတွေ့ရှိချက်ဖြစ်ပါသည်။

# လေ့ကျင့်ချိန်

ရန်ကုန်မြို့ရှိ မြို့နယ်တစ်မြို့နယ်အတွက် Case Study

- Case Study တစ်ခုအနေဖြင့် မိမိလေ့လာလိုသော ရန်ကုန်ရှိမြို့နယ်တစ်မြို့နယ်ကို ရွေးချယ်ပါ။
- ထိုမြို့နယ်ရှိ မိမိလေ့လာစူးစမ်းလိုသော အဖြစ်အပျက်၊ ခြေအနေ၊ ဤပြဿနာတစ်ခုကို ထပ်မံရွေးချယ်ပါ။
- ကိန်းရှင်းများနှင့် သုံးသပ်လေ့လာရမည်ယူနစ်ကို သတ်မှတ်ရွေးချယ်ပါ။
- ထိုမြို့နယ်အတွင်း လေ့လာမည် Case Study ကိုနားလည်သဘောပေါက်စေမည့် သုတေသနမေးခွန်းများကိုပြုစုထားရမည်။

- မေးခွန်းများကို ဖြေကြားရန်အချိန်(၅)မိနစ်ပေးထားပါသည်။

Thank you!

# ၁၂။ ကွင်းဆင်းသုတေသနနှင့် စောင့်ကြည့်လေ့လာခြင်း

*တင်ပြရခြင်း၏ရည်ရွယ်ချက်*

- *အရည်အသွေးစံထားသုတေသနလုပ်ငန်းစဉ်များဖြစ်ကြသောပူးပေါင်းပါဝင်လေ့လာခြင်းနှင့် သီသန့်စောင့်ကြည့်လေ့လာခြင်းတို့၏ အရေးပါပုံကိုနားလည်သဘောပေါက်လာစေရန်။*
- *လေ့လာသည့် နည်းစနစ် အမျိုးမျိုး၏အားသာချက်နှင့် အားနည်းချက်များကိုသဘောပေါက် လာစေရန်*
- *စောင့်ကြည့်လေ့လာခြင်းနည်းကို သုတေသနဆိုင်ရာအခြားသော နည်းများဖြင့်ပူးတွဲအသုံးပြု တက်လာစေရန်*

# ကွင်းဆင်းသုတေသနဆိုသည်မှာ-

လေ့လာလိုသော အဖြစ်အပျက်၊ အခြေအနေ(သို့)ပြဿနာကိစ္စဖြစ်ပေါ်ရာ နေရာတွင် သုတေသနဆောင်ရွက်ခြင်း။

လေ့လာလိုသောသုတေသနအကြောင်းအရာပေါ်မူတည်၍ ကွင်းဆင်းသုတေသနကို ပုံစံအမျိုးမျိုးဖြစ်လုပ်ဆောင်နိုင်သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လယ်သမားတို့၏လူမှုဘဝကိုလေ့လာလိုလျှင်၊ ထိုဒေသရှိ ရွေးချယ်ထားသောရွာများသို့ သွားရောက်လေ့လာရမည်။

လှိုင်သာယာမြို့နယ်ရှိ အထည်ချုပ်စက်ရုံများ၏ အလုပ်အခြေအနေကို အရည်အသွေးစံထား သုတေသနနည်းဖြင့် လေ့လာလိုလျှင်၊ ထိုစက်ရုံများသို့ကိုယ်တိုင်ကိုယ်ကျ သွားရောက် သုတေသနပြုရမည်။

ရန်ကုန်မြို့ရှိပြည့်သူဆေးရုံများတွင် ရေဆိုး၊ ရေသန့် နှင့် ပတ်သက်သည့် ဗဟုသုတကိုအရည်အသွေး စံထား သုတေသနနည်းဖြင့် လေ့လာလိုလျှင်ရန်ကုန်ရှိ ပြည်သူ့ဆေးရုံများသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်သုတေသနပြုရပါမည်။

# စောင့်ကြည့်လေ့လာခြင်းဆိုသည်မှာ

ကွင်းဆင်းသုတေသနလုပ်ဆောင်လျှင် ပါဝင်သောပုဂ္ဂိုလ်တို့၏ အပြုအမူကိုချက်ချင်းတိုက်ရိုက် မြင်တွေ့နိုင်ခြင်းကို ဆိုပါသည်။

လေ့လာနေသူများကို ၎င်းတို့အားလေ့လာနေခြင်းဖြစ်ကြောင်း အသိပေးရန်မလိုဘဲ၊ သာမာန် အခြေအနေတစ်ခုဖြစ်သာ ထားရှိရပါမည်။

အရေအတွက်စံထားသုတေသနမှာကဲ့သို့စောင့်ကြည့်လေ့လာခြင်းမှရရှိသောအထောက်အထားများကိုအတိုး အလျှော့မပြုလုပ်နိုင်ခြင်းသည် အရည်အသွေးစံထားသုတေသန၏အချက်ဖြစ်သည်။

လေ့လာရမည့်အကြောင်းအရာများနှင့် ပတ်သက်၍အတော်များများမသိရှိရသေးသောကိစ္စများတွင် ကောင်းစွာအသုံးဝင်ပါသည်။

စောင့်ကြည့်လေ့လာနည်း(၂)ရှိပါသည်။

၁။ ပူးပေါင်းပါဝင်စောင့်ကြည့်လေ့လာခြင်း

၂။ သီးသန့်စောင့်ကြည့်လေ့လာခြင်း

# ၁ - ပူးပေါင်းပါဝင်စောင့်ကြည့်လေ့လာခြင်း

- အရည်အသွေးစံထား အချက်အလက်စုဆောင်းခြင်းဆိုင်ရာတွင်  တိကျသောနည်းပညာတစ်ခု ဖြစ်သည်။

- သုတေသနပညာရှင်အနေဖြင့် မိမိလေ့လာနေသောလူစုနှင့် ရင်းရင်းနှီးနှီးပြောဆိုဆက်ဆံတက်ရန် လိုသည်။

- သုတေသနတစ်လျှောက် မိမိလေ့လာနေသည့်လူအများနှင့် ရင်းနှီးယုံကြည် ပွင့်လင်းမှုကို တည်ဆောက်ထားရန်လိုအပ်ပါသည်။

- ကွင်းဆင်းခြင်းမတိုင်မီ မိမိလေ့လာရမည့် လူများအား သုတေသန အကြောင်းအရာနှင့် ပတ်သက်၍ မည်သည့်အတိုင်းအတာထိ ပြောပြရမည်ကို သုတေသနပညာရှင်မှကြိုတင် စဉ်းစား ထားရပါမည်။

# ၂။ သီးသန့်စောင့်ကြည့်လေ့လာခြင်း

- သီးသန့်စောင့်ကြည့်လေ့လာနည်းကို မိမိလေ့လာနေသည့် သူများနှင့်တတ်နိုင်သမျှ ဝေးဝေးတွင် နေပြီးမှ သုတေသန လုပ်ဆောင်လိုသော သုတေသနပညာရှင်များ အသုံးပြုလေ့ရှိသည်။

- သီးသန့်စောင့်ကြည့်လေ့လာခြင်းကို မြန်မာပြည်တွင် လုပ်ဆောင်ရန် ခက်ခဲလေ့ရှိသည်။ အနောက်နိုင်ငံများတွင် အများဆုံး အသုံးပြုလေ့ရှိသည်။

# စောင့်ကြည့်လေ့လာခြင်းနည်း (၂)နည်း မည်သို့ရွေးချယ်မည်လဲ ၊

ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များမှာ -

- လေ့လာရမည့်အကြောင်းအရာ၏ အကဲဆတ် sensitive ဖြစ်မှု။
- လေ့လာရမည့်လူစု နှင့် သုတေသနပညာရှင်၏ ကျွမ်းဝင်မှုအဝေါ်မူတည်ခြင်း။
- လေ့လာရမည့်လူစုနှင့် သုတေသန ပညာရှင်၏ ကျွမ်းဝင်မှုအတိုင်းအတာ တို့ ဖြစ်ပါသည်။

ပူးဝေါင်းဝါဝင်စောင့်ကြည့်လေ့လာခြင်းနှင့် သာမာန်စောင့်ကြည့်လေ့လာခြင်းနည်းကို ရွေးချယ်ရာတွင် သုတေသနတစ်ခု၏ အစကတည်းက ကြိုတင်စဉ်းစားထားသင့်သည်။

# စောင့်ကြည့်လေ့လာသုတေသနပြုလုပ်ရာအရပ်သို့ သွားရောက်ရန်

စောင့်ကြည့်လေ့လာသုတေသနပြုလုပ်ရာအရပ်သို့ သွားရောက်နိုင်စွမ်း ရှိမရှိ ကိုကွင်းဆင်းလေ့ လာမှုမပြုခင် ကတည်းက ကြိုတင်စဉ်းစားထားရမည်။ (အထူးသဖြင့် အကဲဆတ်သော အရေးကိစ္စ Sensitive Issue ဖြစ်ခဲ့လျှင်)

တိုင်းရင်းသားရေးရာကိစ္စ(သို့) ဘာသာရေးဆိုင်ရာကိစ္စရပ်နှင့် သုတေသနလေ့လာမှုပြုမည် ဆိုလျှင်၊ ထိုလူမျိုး၊ ဘာသာရေး အသိုင်းအဝိုင်း ပြင်ပမှ ပညာရှင်အနေနှင့် အခက်အခဲ ရှိနိုင်သည်။

အရေးမကြီးလှသော်လည်း ထည့်သွင်းစဉ်းစားရမည့်နောက်အချက်တစ်ခုမှာ - သုတေသန ကွင်းဆင်းပြုလုပ်စဉ် သုတေသန ပညာရှင်၏ အပြုအမူ၏ အကျိုးသက်ရောက်ပင်ဖြစ်သည်။ သုတေသနပညာရှင်၏ သုတေသန လုပ်ငန်းစဉ်ကြောင့် လေ့လာနေသော လူစုတို့၏ အပြုအမူနှင့် ခံယူချက် သဘောထားမည်မျှပြောင်းလဲသွားသည်ကို ဆိုလိုပါသည်။

# စောင့်ကြည့်လေ့လာခြင်း၏ ရလာဒ်များ

လူမှုသိပ္ပံပညာရှင်များ၏ စောင့်ကြည့်လေ့လာခြင်းနည်းပညာကို အကျဉ်းရုံးဖော်ပြချက်နှင့် အသေးစိတ်ဖော်ပြချက်ဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။

- ***အကျဉ်းရုံးဖော်ပြချက်*** - လေ့လာတွေ့ရှိမှု၏ အခြေခံ အချက်များကို ရိုးရှင်းစွာတင်ပြခြင်း။
- ***အသေးစိတ်ဖော်ပြချက်*** - လေ့လာတွေ့ရှိမှုနှင့် ဆိုင်သော အဓိက ရည်ရွယ်ချက်၊ လှုံ့ဆော်မှုနှင့် နောက်ကွယ်ဆိုလိုရင်းအဓိပ္ပါယ် စသည်များကို သေသေချာချာကင်ပြခြင်း။

လေ့လာရမည့် နေရာသို့ သွားရေးလာရေးလွယ်ကူချောမွေ့မှု၊ လေ့လာချိန်ကြာညောင်းမှု၊ အချက်အလက်စုဆောင်းရနိုင်မှုစသည်များအပေါ် မူတည်၍ စောင့်ကြည့်လေ့လာခြင်း၏ အကျိုးရလာဒ်များမှာ မကူကွဲပြားနိုင်ပါသည်။

# အရည်အသွေးစံထားသုတေသနနည်းများကို ပေါင်းစပ်အသုံးပြုလေ့လာခြင်း

အရည်အသွေးစံထားသုတေသနနည်းများကို ပူးပေါင်းပါဝင်လေ့လာခြင်းနည်း (သို့) ပြင်ပမှ စောင့်ကြည့်လေ့လာခြင်းနည်း စသော **Observation နည်းများကို** ယခင်အပိုင်းများတွင် တင်ပြခဲ့သော **အရည်အသွေးစံထား လူတွေ့မေးမြန်းခြင်းနည်းနှင့်** ပူးတွဲလေ့လာနိုင်ပါသည်။

နှစ်ပိုင်းစလုံးတွင် ယခင်တတင်ပြထားသည့်အတိုင်း သုတေသနပညာရှင်အနေနှင့် မိမိလေ့လာနေသူများထတ် ပို၍ သိကျွမ်းနားလည်သည်ဟု မထင်မြင် မိရန်နှင့် တိုကဲ့သို့သော ထင်မြင်မှုတို လုံးဝမပြသရန်မှာ အလွန်အရေးကြီးပါသည်။

# အချက်အလက်များကို မှတ်တမ်းတင်ခြင်း

လေ့လာတွေ့ရှိမှုနှင့် ပတ်သတ်၍ မှတ်တမ်းတင်နည်း သုံးမျိုးရှိပါသည်။

- သုတေသနပညာရှင်အနေဖြင့် စောင့်ကြည့်လေ့လာသူတေသနပြုလုပ်စဉ် မှတ်စုရေးမှတ်ထားခြင်း
- ဓါတ်ပုံ၊ တင်မရာနှင့် မှတ်တမ်းတင်ရိုက်ကူးထားခြင်း
- မိမိ၏ မှတ်ဉာဏ်ဖြင့် မှတ်သားထားသည်များကို အချိန်အကြာကြီး မလွန်ခင်ပြန်လည်မှတ်စုချရေး ထားခြင်းတို့ဖြစ်ပါသည်။

# စောင့်ကြည့်လေ့လာခြင်း၏ အားသာချက်များ

စောင့်ကြည့်လေ့လာခြင်း၏ အကျိုးကျေးဇူးများမှာ -

-လေ့လာမှုပြုနေသော သူများ၏ လူမှုဘဝကို နားလည်မှုရရှိနိုင်ခြင်း။

-ပြောင်းလဲမြန်ဆန်သော အခြေအနေများကို လေ့လာရန် အခြေအနေပေးခြင်း။

-ငွေကုန်ကြေးကျမများသော နည်းလမ်းများကို အသုံးချနိုင်ခြင်း။

-သိပ်နားမလည်ခဲ့သော ပြဿနာများနှင့် အခြေအနေများကို စူးစမ်းဖော်ထုတ်နိုင်မှု အခြေအနေပေးခြင်း။

-လေ့လာမှုပြုနေသော အနေအထားနှင့်လိုက်လျောညီထွေညှိုင်းနှိုင်းပြုလုပ်နိုင်ခြင်းကို့ဖြစ်ပါ သည်။

# စောင့်ကြည့်လေ့လာခြင်း၏ အားနည်းချက်များ

စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ အားနည်းချက်များမှာ -

-နမူနာကောက်ယူခြင်း နည်းဖြင့် ရွေးချယ်ထားခြင်း မဟုတ်သဖြင့် တွေ့ရှိချက်များကို ယေဘုယျပြုကောက်ချက်မဆွဲနိုင်ခြင်း။

-လေ့လာမှုပြုစဉ်လေ့လာခြင်းခံနေရသူများသည် ၎င်းတို့ကို လေ့လာနေကြောင်းသိရှိခဲ့မည် ဆိုပါက ၎င်းတို့၏ အပြုအမူများကို ပြောင်းလဲသွားစေနိုင်ခြင်း တို့ပင်ဖြစ်ပါသည်။

-time-consuming.

Thank you!

ဍ့စနေဖွဴးနှယဍ္ဍ ဖြယ္ငယ္ဂ ဍှ်ီးငါးဂ္လးငါ်ဲ နငယ၁ငှ် းဗ၁ဂီလ



- နှဗ၀၁ဍ္ငါယးဂ္ဖြငါလးငံ ဍှဂျ်၁ေးငါးငငးနှယဍ္ဍ/းငါးငငးဍ္ငါယ၁ ဖြယ္ငယ္ဂ ဍှ်းျငါးျငါးေးဂ္လးငါ် ငင၁ဂျးငံေ ဍ္ဂငဗ္ယဗြဍ္ငဇ၁နငယ၁ငှ်ယ္ဂျယေ
- နှဗးဂ၁ဍ္ယဍ္ဂျ ယ္ငါဗဍ္ယ္ငါဗဂ္လ် ပွးငါးငငးနှယဍ္ဍ /းငါးငငးဍ္ငါယ၁ ဍ္ဂငဗငယးဍ္ဂ ယ္းငါးငလဗငင၁ငလ ၂၀၁ယ္ဂ ဖြဂျးငံေ းငါးဂ္လးငါ်နငယ၁ငှ်းငယ့ ယ္ဂေဗ၁ေ ဍှ်နငယ၁ငှ်းငယ့းဂ၁ေငါဗေ
- နှဗ၀၁ငါ်ဂျးဍ္ငါေေငါဗေ ဂ်ဍ္နှယ္ဗြဍ္ငဇ၁နငယ၁ငှ်ယ္ဂျယေ ပွးငါးငငးနှယဍ္ဍ/းငါးငငးဍ္ငါယ၁

းငါဗယ္ငါဗဂ္ကဗြငါဗ းဍ္ဂျဗဂျဍ္ယ

# နငယ၁ငှ် ယ္ဂျယေ ·ငံင

# အတဲဖြတ်သုတေသန - အဓိပ္ပါယ်ဖွင့်ဆိုချက်

- အကဲဖြတ်သုတေသနသည် လူမှုရေးအစီအစဉ်များ အောင်မြင်သလား၊ ကျရှုံးသလားဆိုသည်တို့ သုံးသပ်ခြင်းနှင့် သတ်ဆိုင်သည်။

